မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၂၀၀၆ခုနှစ် ဇူလိုင် ၁ ရက်တွင် ကမ္ဘာ့အမြင့်ဆုံး ချင်းဟိုင်–တိဗက်မီးရထားလမ်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါနိုင်ငံဘုရင်မင်းမြတ်မွေးနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၇

၂၀၀၆ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကျရောက်သော နီပေါနိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာ၊ ဘီ၊ ဘီခရမ် ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ(အမှတ်စဉ်-၆)
မေတ္တာမှန်

မေတ္တာသည် ပါရမီဆယ်ပါးပင်
အထက်တန်းတရားမျိုးဖြစ်သည်။
မေတ္တာမှန်အနက်မှာ အပြစ်ကင်းစင်ပြီး
ငြိမ်းချမ်းရေး၊ အေးချမ်းရေး၊ ညီညွတ်ရေး
ချစ်ခင်ကြည်ဖြူရေးသဘော
ခြွင်းချက်မရှိဆောင်၏။
မေတ္တာမှန်သည် ကျောသားရင်သား
မခွဲခြားဘဲ ကြည်ဖြူချစ်ခင်ခြင်း
အနှစ်သာရရှိ၏။
မေတ္တာမှန်သည် ချမ်းမြေ့ကြည်နူးမှု
ဓာတ်ထုံမွှေး၍ မွှေးပျံ့စိုပြည်ပြန်၏။

(သာသနာရေး)

ပြင်ပထက် ဈေးနှုန်းသက်သာစွာရောင်းချသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေး အလေးထား ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းအတွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ လှိုင်သာယာမြို့နယ် အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဟံသာဝတီအခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

ကမ္ဘာမှာထင်ရှားတဲ့ ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ချင်ပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖူးမြော်ခွင့်မရခဲ့ကြပါဘူး။ အခုတော့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ရဲ့ကျေးဇူးကြောင့် ရခိုင်ရိုးမကိုကျော်ပြီး အခြားပြည်နယ်နဲ့ တိုင်းတွေက သွေးချင်းတွေဆီ ရာသီမရွေး သွားလာလို့ရပါပြီ။ မေးကြည့်ပါ၊ ရန်ကုန်–ကျောက်ဖြူလမ်းကြီးပေါ် ထွန်းလာလို့ ရခိုင်သားတွေ ဘယ်လောက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရတယ်ဆိုတာကို။ ဒါတွေဟာ ကျွန်တော်နဲ့ ထပ်တူခံစားရတဲ့ ရခိုင်သားတွေရဲ့ ဝမ်းသာကြည်နူးမှုတကယ့်ဖြစ်ရပ်တွေပါ။

စံကျော်သာ၏ အိပ်မက်ပင်မမက်ခဲ့ဖူးသော ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီး ဆောင်းပါး(စာ ၈–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

ကျွဲနွားများတွင်ဖြစ်တတ်သော ရောဂါများကာကွယ်ကုသ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ရေမြေသဘာဝအရ စိုက်ပျိုးရေးကဏ္ဍတွင် ကျွဲနွားများ၏လုပ်အားသည် အရေးပါဆဲဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် ကျွဲနွားများအပေါ် ကျရောက်တတ်သော ရောဂါများအား ဂရုတစိုက်ကာကွယ်မှုများ ပြုလုပ်ရန်လိုပေသည်။

ကျွဲနွားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွင်သာမကဘဲ ကျေးလက်ဒေသများတွင် သယ်ယူပို့ဆောင်ရေးအရပါ အသုံးဝင်ပေသည်။ ထို့အပြင် နွားချေး၊ ကျွဲချေးများသည် သဘာဝမြေသြဇာအဖြစ်သာမက ဇီဝဓာတ်ငွေ့ထုတ်လုပ်ရာတွင်လည်း အသုံးဝင်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မွေးမြူထားသော ကျွဲနွားအရေအတွက်မှာ ၁၄ဒသမ၇သန်းခန့်ရှိပြီး နှစ်စဉ် နှစ်ရာခိုင်နှုန်း တိုးပွားလျက်ရှိကြောင်းသိရသည်။ ခိုင်းကျွဲနွားမှာ ၆ဒသမ၇သန်းခန့်ရှိပြီး နို့စားနွား အရေအတွက်မှာ တစ်သန်းရှိကာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး မွေးမြူထားကြောင်းသိရသည်။

ကျွဲနွားများကိုမွေးမြူရာတွင် ရောဂါပိုးကင်းဝေးစေရန်အတွက် ကာကွယ်ဆေးများထိုး၍ သန့်ရှင်းစွာ ထားရှိကြရန်လိုအပ်သည်။ ကျွဲနွားများတွင် ခွာနာလျှာနာ၊ ပေါင်ပုပ်လက်ပုပ်၊ ထောင့်သန်း၊ လည်ချောင်းကွဲရောဂါများ ဖြစ်ပွားတတ်ပြီး အဖြစ်အများဆုံးမှာ ခွာနာလျှာနာရောဂါဖြစ်သည်။ မိုးရာသီတွင် ရောဂါပိုပြီးအဖြစ်များသည်။ ထိရောက်သည့် ကုသမှုများ၊ ကာကွယ်မှုများဖြင့် ကုသကြရန်လိုပေသည်။

ယခုအချိန်သည် မိုးရာသီကာလသို့ရောက်ရှိနေပြီဖြစ်သဖြင့် ကျွဲနွားများရောဂါကျရောက်ပါက လယ်ယာ ထွန်ယက်စိုက်ပျိုးရာတွင် အခက်အခဲများစွာရှိနိုင်သည်။ ကျွဲနွားများရောဂါကင်းစင်ရန် ခြောက်လတစ်ကြိမ် ဆေးထိုးပေးခြင်း၊ ဆေးမထိုးဖြစ်သဖြင့် ရောဂါဖြစ်ပွားသည့်လက္ခဏာများ တွေ့ရှိပါက နီးစပ်ရာ တိရစ္ဆာန်ဆေးကု ဆရာဝန်များဖြင့်ပြသ၍ ချက်ချင်းကုသမှုပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်းကို ဟန့်တားနိုင်မည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှော်ကားဥယျာဉ် ဝါဆိုလပြည့်နေ့ ဖွင့်ထားမည်

ရန်ကုန် ဇူလိုင် ၆

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီ အထိသာ ဖွင့်လှစ်သော်လည်း ဇူလိုင် ၉ ရက် (ဝါဆိုလပြည့်နေ့)တွင် အများပြည်သူများ အနားယူ လေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမျိုးမြင့်	ညွှန်ကြားရေးမှူးချုပ် စာရင်းစစ်ချုပ်ရုံး
(ခ) ဦးငွေထွန်း	ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန
(ဂ) ဦးသိန်းဆွေ	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန

ဇွန် ၂၄ ရက်က သင်္ဃန်းကျွန်းမြို့နယ် ဓ/တောင်ရပ်ကွက်အတွင်းရှိ ဥက္ကလာဦး စေတီတော်ကြီးအား လုံးတော်ပြည့် ကြေးနှင့်ရွှေသင်္ကန်းများ ကပ်လှူပူဇော်ရန် အတွက် ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာမိသားစု ဓဝနရပ်ကွက်က ငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာဒင် လက်ခံယူစဉ်။ (က-ပ)

ဝါဆိုလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်၌ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဇူလိုင် ၆

၁၃၆၈ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာနေ့ ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၁) နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော် ကျပ်၂၁သိန်းဖိုးကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခြောက်သိန်းငါးသောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၀၇၃၆ နှင့် ၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်၌ ဇူလိုင် ၉ရက် (ဝါဆိုလပြည့်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

သင်္ကန်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း-၂၅၀၁၅၃သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အသင်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သား သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့တို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ၏ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပ သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယ နာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချစာသင်ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၃၆၅၀၀၀ကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နာယကချုပ် ဆရာတော်က သာဓုအနုမောဒနာ တရားတော်နှင့် ရေစက်ချ တရားတို့ကို ချီးမြှင့်၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၇-၇-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်ကသိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၀၆(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကျန်းမာရွှင်လန်း ယောဂလေ့ကျင့်ခန်း အပိုင်း(၂)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	သျှိသျှားမြေမှ စပျစ်ချို
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	အမျိုးသားပြတိုက် မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	Myanmar Video Rhythm
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာခင်မောင်ညို)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကလေးတို့အတွက် လက်ဆောင်ပုံပြင်
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	သူတို့ပြောတဲ့သူတို့ အကြောင်း(Lazy Club) (ဆောင်းဦးလှိုင်၊စည်သူလွင်၊ အဲလက်စ်)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Say It In English(5)
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅	သွားအကြောင်းသိကောင်းစရာ (အပိုင်း-၂)
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	စပါးစပ်မျိုးမှ ဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွားစပါးထုတ်လုပ်ခြင်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (အဲလက်စ်၊ခင်အိအိခင်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု အနောက်နိုင်ငံကြီးများ၏ လုပ်ကြံမှုအင်အားဖြင့် ပြည်တွင်းရေးပြဿနာကို ဒေသတွင်းပြဿနာ၊ နိုင်ငံတကာပြဿနာအဖြစ် ပုံကြီးချဲ့ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၆

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် အမျိုးသမီးများနေ့ အခမ်းအနားတွင် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်က အမှာစကားပြောကြားရာတွင် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ပြည်နယ်အဆင့်တစ်ဖွဲ့၊ ခရိုင်အဆင့်နှစ်ဖွဲ့၊ မြို့နယ်အဆင့်ခုနစ်ဖွဲ့၊ ရပ်ကွက်အဆင့် ၃၁ဖွဲ့၊ ကျေးရွာ အုပ်စုအဆင့် ၆၆ဖွဲ့ စုစုပေါင်း ၁၀၇ဖွဲ့ကို အဆင့်ဆင့်ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးအဖွဲ့ဝင် ၁၀၇၆၂ဦးနှင့် သက်ငယ်အဖွဲ့ဝင် ၃၄၄၁ဦး စုစုပေါင်း ၁၄၂၀၃ဦး စည်းရုံးဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကယားပြည်နယ် အမျိုးသမီးဦးရေသည် ၁၅၂၆၈၄ဦးရှိသည့်အတွက် ပြည်နယ်လူဦးရေ၏ ၄၉.၁ဒသမ ၂၈ ရာခိုင်နှုန်းရှိနေကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ အကျိုးအတွက်သာမက နိုင်ငံသား အမျိုးသား အကျိုးစီးပွားစစ်စစ်အတွက် ဆောင်ရွက်နေသည့် အသင်းကြီးဖြစ်ကြောင်း။

ပုံကြီးချဲ့ကြိုးပမ်း

နိုင်ငံတော်အစိုးရအနေနှင့် ကယားပြည်နယ်အပါအဝင် နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဒေသကြီး (၂၄)ခု သတ်မှတ်အကောင်အထည်ဖော်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်ခြင်း၊ စံပြခရိုင်၊ စံပြမြို့နယ်၊ စံပြကျေးရွာများ သတ်မှတ်ဆောင်ရွက်ခြင်း၊ မြို့နယ်ခွဲများ သတ်မှတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန် ၁၇ခု သတ်မှတ်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်တို့နှင့် လူမှုရေးဦးတည်ချက် (၄)ရပ်၊ ဒို့တာဝန်အရေး (၃)ပါး အမျိုးသားရေးရည်မှန်းချက် လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ဤသို့ နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မရှုဆိတ်နိုင်သည့် အနောက်အုပ်စုများသည် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေးအတွက် တိုက်တွန်းမှုများကို ၂၀၀၆ ခုနှစ်မှစတင်၍ ပိုမိုတိုးမြှင့်ဆောင်ရွက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု၍ အနောက်နိုင်ငံကြီးများ၏ လုပ်ကြံမှုအင်အားနှင့် ပြည်တွင်းရေးပြဿနာကို ဒေသတွင်းပြဿနာအဖြစ် နိုင်ငံတကာပြဿနာအဖြစ် ပုံကြီးချဲ့ကြိုးပမ်းခဲ့ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှလည်း HIV/AIDSရောဂါ မပြန့်ပွားရေးနှင့် ရောဂါဝေဒနာရှင်များကို ဝိုင်းပယ်မထားရေး၊ ပညာပေးရေးဇာတ်ကားများ ရိုက်ကူးထုတ်လွှင့် ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်တွင် ၂၀၀၅ခုနှစ်အတွင်း ပညာပေးဇာတ်လမ်းပြသသည့်အကြိမ် ၂၂ကြိမ်နှင့် ကြည့်ရှုသူဦးရေ ၁၅၃၁၀ရှိခဲ့ကြောင်း။

ကယားပြည်နယ်တွင် ၂၀၀၅ခုနှစ်အတွင်း HIV/AIDSကူးစက်ရောဂါနှင့် ပတ်သက်၍ သင်တန်း ၁၇ကြိမ်ဖြင့် ၆၁၁ဦးကို သင်တန်းပေးခဲ့ပြီး အသိပညာပေးမှု ၁၂ကြိမ်ဆောင်ရွက်၍ ၈၆၀ကို အသိပညာပေးခဲ့ကြောင်း၊ HIV ရောဂါပိုးသံသယရှိသူ ၁၀၅၄ဦးအား စစ်ဆေးခဲ့ရာ ၉၅ဦးတွေ့ရှိခဲ့ရပြီး ၄၈ဦးကို ဆေးကုသမှုပေးခဲ့ကြောင်း။

ထိန်းချုပ်မှုရရှိ

ကယားပြည်နယ်အနေဖြင့် HIV/AIDS ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း တားဆီးရေးလုပ်ငန်းများ၊ ပညာပေးခြင်းလုပ်ငန်းများ၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုပြုနေရင်းဖြင့် HIV/AIDS ရောဂါကို ထိန်းချုပ်မှုရရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UN-IAP တို့ ပူးပေါင်းဖွဲ့စည်းထားသည့် Mobile Team အဖွဲ့မှာ ကယားပြည်နယ်ကို လာရောက်ပြီး ၂၀၀၆ ခုနှစ်ဧပြီ ၁၉ရက်မှ ၂၁ ရက်နေ့အထိ Training of Service Providers on Trafficking in Persons သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းသင်တန်းကို လူကုန်ကူးမှုနှင့် ဆက်နွှယ်ပတ်သက်နေသည့် ဌာနများမှ ခရိုင်၊ မြို့နယ်အဆင့်အရာရှိများ၊ ခရိုင်မြို့နယ်အဆင့် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း၊ ထို့ပြင် ကယားပြည်နယ်တစ်ခုလုံး၌ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲ ၉၃ကြိမ် တက်ရောက် သူဦးရေ ၉၁၁၄ဦးနှင့် လူကုန်ကူးမှုဆိုင်ရာ ဆွေးနွေးပွဲ ၂၄ကြိမ် တက်ရောက်သူ ၃၁၂၀ တို့ကို ပညာပေးဟောပြောနိုင်ခဲ့ကြောင်း၊ထိုကဲ့သို့ စည်းရုံးဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း လူကုန်ကူးခံရသူတစ်ဦးသာရှိခဲ့ပြီး မိမိတို့ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အနေနှင့် မသိနားမလည်ဘဲ လူပွဲစားများ၏စကား နားယောင်ကာ နယ်စပ်ရောက်သွားသည့် ယင်းမိန်းကလေးကို အဖြစ်မှန်ရှင်းပြပြီး မိဘရပ်ထံအရောက် ပြန်လည်ပို့ဆောင်အပ်နှံခဲ့ကြောင်း။

လျှော့ဒါန်းပံ့ပိုးပေးနိုင်

ကယားပြည်နယ်တွင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းအဖြစ် မိသားစုဝင်ငွေတိုးရေးအတွက် အရင်းမပျောက်မတည်ငွေများထုထောင်ပေးခြင်း၊ အိမ်တွင်းမှု သင်တန်းကျောင်း၊ ရက်ကန်းကျောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန သင်တန်းကျောင်းတို့နှင့်ပူးပေါင်းပြီး အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း သိုးမွေးထိုးစက် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မုန့်ဖုတ်သင်တန်းများစသည့် သက်မွေးမှုသင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းအထောက်အကူပြု အပ်ချုပ်စက်၊ သိုးမွေးထိုးစက်များကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော ငြိမ်းချမ်းရေးအဖွဲ့အစည်းခြောက်ခုတို့မှ သင်တန်းဆင်း ထူးချွန်ဆုရသူများအား ဆုချီးမြှင့်ခြင်းဖြင့် မိသားစု အလုပ်အကိုင် ရင်းနှီးပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သင်တန်းကျောင်းအသီးသီးသို့လည်း သင်တန်းများ ပိုမိုတိုးချဲ့နိုင်ရန် အပ်ချုပ်စက်၊ သိုးမွေးထိုးစက်များ လှူဒါန်းပံ့ပိုးပေးနိုင်ခဲ့ကြောင်း။

တိုင်းပြည်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးမှာ အခြေခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကို နှစ် ၃၀ စီမံကိန်းချပြီး ဆောင်ရွက်နေခြင်းကြောင့် ယခုဆိုလျှင် ကမ္ဘာ့အဆင့်မီ ပညာရေး၏ အသီးအပွင့်များကိုပင် ရရှိခံစားနေရပြီဖြစ်ကြောင်း၊ မိမိတို့ ကယားပြည်နယ်အနေဖြင့်ကြည့်လျှင် ယခင်က လမ်းပန်းဆက်သွယ်ရေးမကောင်းမှု၊ လက်လှမ်းမီရာမှာ စာသင်ကျောင်းမရှိမှုဆိုသည့် အချက်များကြောင့် တိုင်းရင်းသားများမှာ စိတ်သွားတိုင်းကိုယ်ပါ ပညာမရှာနိုင်ခဲ့ကြကြောင်း၊ ယနေ့အချိန်မှာ လမ်းပန်းဆက်သွယ်ရေးကလည်းကောင်းလာ၊ နယ်မြေကလည်းငြိမ်းချမ်းလာသည့်အပြင် နိုင်ငံတော်က ပညာရေးကို အထူးအလေးပေး ဆောင်ရွက်မှုကြောင့် သုံးမိုင်ပတ်လည်တွင် စာသင်ကျောင်းတစ်ကျောင်းရှိသည်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်

ကယားပြည်နယ် လွိုင်ကော်မြို့သည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် တစ်ခုအပါအဝင်ဖြစ်၍ လွိုင်ကော်တက္ကသိုလ် အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ လွိုင်ကော်တက္ကသိုလ် သုံးထပ်ပင်မဆောင်တစ်ခုတည်းအတွက် ငွေကျပ်သန်းပေါင်း ၁၂၂၀ ကျော်အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး အစိုးရနည်းပညာကောလိပ် သုံးထပ်ပင်မဆောင်ကိုလည်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော် ခွဲဝေချထားပေးပြီး စတင်ဆောက်လုပ်လျက် ရှိနေပြီဖြစ်ကြောင်း၊ အစိုးရကွန်ပျူတာကောလိပ် သုံးထပ်ပင်မဆောင်ကိုလည်း ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း၊ယင်းသို့ အဆင့်မြင့် တက္ကသိုလ်များ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ ကယားပြည်နယ်မှ ကျောင်းသား၊ ကျောင်းသူများသည် အဆင့်မြင့်ပညာများကို အိုးမကွာ၊ အိမ်မကွာ သင်ယူနေကြပြီဖြစ်ကြောင်း၊ ဒေသအာဏာပိုင် အဖွဲ့အစည်း၏ ဦးဆောင်မှုနှင့်အတူ ပြည်နယ်အတွင်းရှိ မူလတန်းကျောင်းသားများ ကျောင်းဝင်ကြေး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့ခြင်း၊ ကျောင်းဝတ်စုံများ ပံ့ပိုးခြင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများ အနက် ဆင်းရဲနွမ်းပါးသူများအတွက် ကျောင်းဝင်ကြေးများထောက်ပံ့ခြင်း၊ ပညာသင် ထောက်ပံ့မှုအတွက် ငွေပဒေသာပင် ၂၁၇ သိန်းကျော်ကို ထူထောင်ထားပြီး ဆေးကျောင်းသား ၁၇ဦးအား တစ်လလျှင် လေးသောင်းကျပ်နှုန်းဖြင့်လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းသားလေးဦးအား တစ်လတွင် ငွေကျပ် နှစ်သောင်းစီဖြင့်လည်းကောင်း၊ ဦးတင်မောင် ပညာသင်ဆုငွေမှ မတည်ငွေ ကျပ်သိန်း ၃၀၀ ဖြင့် နည်းပညာကောလိပ် ကျောင်းသား ၁၀ဦးအား တစ်လလျှင် ငွေကျပ် တစ်သောင်းစီဖြင့်လည်းကောင်း၊ ကွန်ပျူတာကောလိပ် ကျောင်းသား ၁၀ဦးအား တစ်လလျှင် ငွေကျပ်တစ်သောင်းစီအားလည်းကောင်း၊ တိုင်းရင်းဆေး တက္ကသိုလ်ကျောင်းသားတစ်ဦးအား တစ်လလျှင် ငွေကျပ် နှစ်သောင်းဖြင့်လည်းကောင်း ထောက်ပံ့လျက်ရှိရာ အဖွဲ့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံချက် (၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းလမ်းညွှန်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ

ပညာရေးကဲ့သို့ပင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဆက်စပ်အကျိုးပြုနေသည့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက ငွေကုန်ကြေးကျ အများကြီးအကုန်ခံပြီး ကြိုးစားဆောင်ရွက်ပေးမှုကြောင့် မြန်မာပြည်တစ်လွှားမှာ ခုတင် (၅၀)ဆံ့ဆေးရုံများမှ ခုတင် (၁၀၀)ဆံ့ ဆေးရုံများအထိ ရှိလာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ ကယားပြည်နယ်တွင် ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအပြင် မြို့နယ်ဆေးရုံခုနစ်ရုံ၊ တိုက်နယ်ဆေးရုံရှစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၂၇ ခုရှိပြီး ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းအင်အားကိုလည်း ရာနဲ့ချီပြီး တိုးမြှင့်ခန့်ထားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းဆေးရုံ တစ်ရုံနှင့် တိုင်းရင်းဆေးခန်း ကိုးခန်းကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။

စိတ်ထားမမှန်သူများ၊ မလိုသူများက မည်သို့ပင်ခွဲကြပါစေ၊ မြန်မာပြည်သူများနှင့် မြန်မာနိုင်ငံ၏ စည်ပင်ဖွံ့ဖြိုးဝေစည်နေသည့် ပကတိသရုပ်အမှန်ကိုမူ မြန်မာပြည်သူများအားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် အလွန်သာယာလှပသည့် သဘာဝတောတောင်ရေမြေများ၊ အနုပညာဗိသုကာလက်ရာများ၊ မြန်မာပြည်သူပြည်သားများ၏ ဖြူစင်သည့်စိတ်စေတနာများ၊ ဗြဟ္မစိုရ်တရားထွန်းကားနေသည်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာစုပေါင်းကြိုးပမ်းဆောင်ရွက်နေခြင်းများ၊ အဆင့်မီနည်းပညာများကို လေ့လာအသုံးပြုပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းများမှာ ယနေ့မြန်မာ့လူ့အဖွဲ့အစည်း၏ ပကတိသရုပ်မှန်ပင်ဖြစ်ကြောင်း။

ယုံကြည်မှုအပြည့်အဝ

ပြည်ပဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့မှုများအကြားမှ ကိုယ်တိုင်အမျိုးသားရေးရပ်တည်ချက်ကို ထိန်းသိမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံကောင်းများ အတော်ပြည့်စုံအောင် ကြိုးကြိုးစားစားဖန်တီးတည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တိုင်းရင်းသား၊ ညီအစ်ကို မောင်နှမများအကြားမှာလည်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတို့ကို အပြည့်အဝ တည်ဆောက်နိုင်ခဲ့ကြောင်း။

ကယားပြည်နယ်တွင် နိုင်ငံတော်အစိုးရနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများအား ဆန့်ကျင်၍ လက်နက်စွဲကိုင် ပုန်ကန်ခဲ့ကြသော အသင်းအဖွဲ့များ ရှိခဲ့ကြောင်း၊ ယင်းအဖွဲ့တို့အနက် ဦးရစ်ချတ် ခေါင်းဆောင်သော ကမစညအဖွဲ့၊ ဦးရွှေအေး ဦးဆောင်သော ကယန်းပြည်သစ်ပါတီ၊ ဦးဂိုးရီဦးဆောင်သော ကေအင်န်ပီဒီပီ၊ ဦးလီးရယ် ဦးဆောင်သော နဂါးအဖွဲ့၊ ဦးစန္ဒာ ဦးစီးသော ကလလတအဖွဲ့နှင့် ဦးဌေးကို ဦးဆောင်သော ကေအင်န်ဂျီအဖွဲ့တို့ကလည်း နိုင်ငံတော်အစိုးရအပေါ် အမြင်မှန်ရရှိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့က ၎င်းတို့၏ နေထိုင်ရေးအတွက် အိုးအိမ်ရာများ၊ လယ်ယာမြေများ မိသားစု စားဝတ်နေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးခဲ့ကြကြောင်း၊ ညီအစ်ကိုများ ပြန်ရောက်လာသကဲ့သို့ ဝမ်းမြောက်ကြည်သာကြိုဆိုလက်ခံကြရာ ယင်းအဖွဲ့များသည် ဒေသ၏ လုံခြုံရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိကြပြီး ငြိမ်းချမ်းရေးအရသာ၊ လွတ်လပ်ခြင်း၏ အနှစ်သာရကို ကောင်းမွန်စွာ ခံစားကြရပြီး နိုင်ငံတော်နှင့် ဒေသအုပ်ချုပ်သူများအပေါ် ကျေးဇူးအသိတရား ရှိလာလျက်ရှိနေကြပြီဖြစ်ကြောင်း၊ အပြန်အလှန် နားလည်မှု ယုံကြည်မှုတို့ကို အပြည့်အဝတည်ဆောက်နိုင်ခဲ့သည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးသည်လည်း ခိုင်မာနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

အာဖဂန်၌ ဗုံးသုံးကြိမ်ပေါက်ကွဲ

ကဘူးလ် ဇူလိုင် ၆

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် ဇူလိုင် ၅ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇူလိုင် ၅ရက် တစ်ရက်တည်းမှာပင် ကဘူးလ်မြို့၌ဗုံးသုံးကြိမ်ပေါက်ကွဲခဲ့ကြောင်း၊ ဗုံးခွဲတိုက်ခိုက်သူများသည် အစိုးရဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားများကို အဓိကပစ်မှတ်ထား တိုက်ခိုက်လာလျက်ရှိသည်။ယခုဖြစ်ပွားသော ဘတ်စ်ကားဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် တစ်ဦးသေဆုံး ပြီး အနည်းဆုံး လူ ၄၇ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ဆေး

ကဘူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ဘတ်စ်ကားကို ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်တိုင်းရင်းဆေးများ အဆင့်တိုးတက်မြင့်မားရန် သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များပြုလုပ်သွားမည်

ပေကျင်း ဇူလိုင် ၆

အဓိကရောဂါကြီးများ ကုသရန်အတွက် တရုတ်တိုင်းရင်းဆေးကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သွားရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ် ၅၀လုပ်ဆောင်ရေး ယွမ်ငွေသန်း ၁၀၀(အမေရိကန် ဒေါ်လာ၁၂ဒသမ ၅သန်း) ရင်းနှီးမြှုပ်နှံရန် တရုတ်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဇူလိုင်၃ရက်၌ ကြေညာလိုက်သည်။

ထုတ်လုပ်သွားမည်

ဆေးဝါးအသစ်များသည် စိတ်ရောဂါ၊ နှလုံးသွေးကြောနှင့်ဆိုင်သော ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ အကျိတ်နှင့် အတက်ပေါက်ခြင်းရောဂါနှင့် အေအိုင် ဒီအက်စ်ရောဂါများအတွက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဒုတိယဝန်ကြီး ရှန်ယောင်းက ပြောကြားသည်။

ပူးပေါင်းဆွေးနွေး

ယင်းဝန်ကြီးဌာနက တရုတ်တိုင်းရင်းဆေးများ သုတေသနပြု ထုတ်လုပ်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျာမနီ၌ ရေယာဉ်ပျံပျက်ကျ လေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဟမ်းဘတ် ဇူလိုင် ၆

ဂျာမနီနိုင်ငံမြောက်ပိုင်းဟမ်းဘတ်မြို့တွင် ဇူလိုင်၂ရက်နေ့က အင်ဂျင်တစ်လုံးတပ် ရေယာဉ်ပျံတစ်စီး ပျက်ကျခဲ့သဖြင့် လူလေးဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အသေးစိတ်မသိရ

ယင်းရေယာဉ်ပျံသည် မီးရထားလမ်းပေါ်သို့ ပျက်ကျပြီး မီးလောင်သွားခဲ့ကြောင်း ပျက်ကျမှုနှင့်ပတ်သက်၍ အသေးစိတ် မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပို့ဆောင်ပေး

လူနှစ်ဦးသည်ဆိုးရွားစွာမီးလောင်ကျွမ်းခံရသဖြင့် ဆေးကုသရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

စစ်ဆေး

ဒီအိတ်ချ်စီ-၂ ရေယာဉ်ပျံသည် မြို့ရှုခင်းကို လှည့်ပတ်ကြည့်ရှုရာတွင် အသုံးပြုသော ရေယာဉ်ပျံဖြစ်ကြောင်း ဂျာမနီသတင်းဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းပျက်ကျမှုနှင့် ပတ်သက်၍ ဂျာမနီလေကြောင်းဌာနမှစုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံမွမ်ဘိုင်း၌ရေကြီး၊ ၃၂ဦးသေဆုံး

ကာလာကတ္တား(အိန္ဒိယ) ဇူလိုင် ၆

အိန္ဒိယနိုင်ငံတစ်ဝန်း မိုးများသည်းထန်စွာရွာသွန်းခဲ့၍ ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ရာ ဇူလိုင်၄ရက် ဒုတိယမြောက်နေ့အထိ မိုးမှာ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မွမ်ဘိုင်းမြို့၌ လူ ၃၂ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူနှင့် ဒေသခံများက ပြောကြားသည်။ (အပေါ်ပုံ)

ဇွန်လမှစက်တင်ဘာလအတွင်း မုတ်သုံမိုးရွာသွန်းစဉ် အရှေ့ပိုင်းကမ်းခြေဒေသများသည် ဆိုးရွားသော ရာသီဥတုနှင့်ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ဩရိဿပြည်နယ်အရှေ့ပိုင်းနှင့်ဂျာခရမ် ဒေသတို့၌ လူအနည်းဆုံး ၂၄ဦး သေဆုံးခဲ့ကြောင်း၊ မိုးသည်းထန်ကာ ရေကြီးမှုကြောင့် ရေကာတာများ ကျိုးပေါက်ကာ မြေပြိုခြင်းတို့ကြောင့် ဘန်ဂလယ်ပြည်နယ် အနောက်ပိုင်း၌ လူအချို့ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

ကာနာတာကာပြည်နယ်တောင်ပိုင်း ကိုဒါကုခရိုင်ရှိ ကော်ဖီစိုက်ခင်းတစ်ခု၌ မြေပြိုခဲ့ရာ အမျိုးသမီး လေးဦးအပါအဝင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘေးလွတ်ရာသို့

အင်ဒရာပရာဒက်ရှ်ပြည်နယ်တောင်ပိုင်း၌ ရေနှင့်မျောပါသွားသဖြင့် လူနှစ်ဦးသေဆုံးပြီး တံငါသည်၁၀ဦး ပျောက်ဆုံးနေကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူတို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရကြောင်း ဒေသအာဏာပိုင်တို့က ပြောကြားသည်။ ယင်းဒေသများသို့ ကယ်ဆယ်ရေးစက်လှေများ၊ ရဟတ်ယာဉ်များ အသုံးပြု၍ နေအိမ်ခေါင်မိုးပေါ်မှ လူများအား ကယ်တင်ပေးခြင်း အစားအစာနှင့် ဆေးဝါးများ ချပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗီဝဒီဇယ်စက်ရုံ ၁၁ ရုံ အင်ဒိုနီးရှား၌ တည်ဆောက်မည်

ဂျကာတာ ဇူလိုင် ၆

အင်ဒိုနီးရှားအစိုးရက တစ်နှစ်လျှင် လောင်စာဆီတန်ချိန် ၂၆၀၀၀ ထုတ်လုပ်နိုင်မည့် ဇီဝဒီဇယ်စက်ရုံ ၁၁ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၃ရက်၌ ပြောကြားသည်။

ယင်းအစီအစဉ်သည် သဘာဝအရင်းအမြစ် ရေနံအပေါ် မှီခိုအားထားမှု လျော့ထားနိုင်လိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်ဝန်ကြီး ပါနိုမိုက အဆိုပါ ဇီဝဒီဇယ်ကို အများအားဖြင့် ဆီအုန်းနှင့် စားဆီတို့မှ ထုတ်ယူမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။ ထိုအစီအစဉ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ရန် အင်ဒိုနီးရှား အစိုးရက တိုက်တွန်းထားကြောင်း ပါနိုမိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အုန်းခွံများဖြင့် ပြုလုပ်ထားသော ပန်းအိုးကြီး

အုန်းသီးအခွံများဖြင့် ပြုလုပ်ထားသော ပန်းအိုးကြီးတစ်လုံးကို တွေ့ရစဉ်။ *(အပေါ်ပုံ)* ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဖူယန်ပြည်နယ် ဖူယန်မြို့တွင် ကျင်းပသည့် ဗီယက်နမ် အနုပညာပစ္စည်းပြပွဲတွင် အုန်းသီးအခွံများဖြင့် ပြုလုပ်ထားသော အရှည် ၃ဒသမ ၆၂မီတာရှိပြီး အလေးချိန် ၄၀၄ ကီလိုရှိသည့် ပန်းအိုးကြီး တစ်လုံးကိုပြသခဲ့သည်။ ၎င်းပန်းအိုးကြီးသည် ဗီယက်နမ်နိုင်ငံ၌ အုန်းခွံဖြင့် ပြုလုပ်သော ပန်းအိုးများအနက် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

သံပိုက်လုံးပေါ်တက်၍ စာဖတ်သူ



သံပိုက်လုံးကို ခြေနှစ်ဖက်ဖြင့်ညှပ်ထားပြီး စာဖတ်နေသူ တစ်ဦးကို တွေ့ရစဉ်။ *(ယာပုံ)* တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဂူဒီဒေသရှိ ဥယျာဉ်တစ်ခုတွင် အသက်၆၅နှစ်ရှိ ယွမ်မင်ရှင်းဆိုသူသည် နံနက်ခင်း လေ့ကျင့်ခန်းအဖြစ် သံပိုက်လုံးကို ခြေနှစ်ဖက်ဖြင့်ညှပ်၍ စာဖတ်လေ့ရှိသည်။ **(အင်တာနက်)**

အင်အားကြီးနိုင်ငံအချို့နှင့် အခြားသော NGO အဖွဲ့အစည်းများ မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိ လုပ်ကြံစွပ်စွဲချက်များကို ကန့်ကွက် ကုလသမဂ္ဂနှင့် ကမ္ဘာ့ အလုပ်သမားအဖွဲ့အစည်းများ မှန်မှန်ကန်ကန်ဆုံးဖြတ်

ရန်ကုန် ဇူလိုင် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရှိသည့် မြန်မာအမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်နေသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များသည် အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့ (Non Governmental Organization)ဆိုသည့် NGO တစ်ခုဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ကျယ်ပြန့် ထိရောက်စွာ လွှမ်းခြုံပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အစိုးရ၏ တည်ဆောက်မှုအရပ်ရပ်တွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး စည်းလုံးမှုစွမ်းအားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို လက်တွေ့ကျသော အကျိုးပြုနိုင်မှုများကို အခြားသော NGO များနှင့်အတူ နိုင်ငံတော်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေကြောင်းကို မိမိတို့ ပဲခူးတိုင်း(အနောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်သာဓကထား တင်ပြလိုကြောင်း၊ ပဲခူးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသကြီး၏ တောင်ဘက်ပိုင်းတွင် တည်ရှိပြီး ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်များနှင့် ထိစပ်ပြီး ၅၇၅၄ ဒသမ ၇၃ စတုရန်းမိုင် ကျယ်ဝန်းကြောင်း။ တိုင်းအတွင်း၌ မြို့ပြနေထိုင်သူ ၃၄၁၇၆၈ ဦးနှင့် ကျေးလက်နေသူ ၂၀၉၃၄၅၃ ဦး စုစုပေါင်း ၂၄၃၅၂၂၁ ဦး နေထိုင်ကြောင်း။

ပိုမိုစိုက်ပျိုးနိုင်

မိမိတို့ တိုင်းအတွင်း၌ ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့ စီးဆင်းနေပြီး ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၁၀၀ နှင့် ပေ ၃၀၀ ကြား၌ ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးအခြေခံရှိသည့် မြေသယံဇာတကို နိုင်ငံတော်က ပိုမိုပံ့ပိုးဖြည့်ဆည်းပေးသည့်အနေဖြင့် စိုက်ပျိုးမြေများ ဆည်ရေသောက်နိုင်ရေးအတွက် ဆည်တာတမံများ တည်ဆောက်ပေးပြီး လယ်ယာကဏ္ဍတွင် နိုင်ငံတော်က အားထားရသည့် တိုင်းတစ်တိုင်းဖြစ်အောင် ပုံဖော်ပေးခဲ့ကြောင်း၊ ပြည်မြို့နယ်တွင် ဧက ၁၀၅၂၀ အကျိုးပြု မတောင့်တဆည်၊ ဧက ၁၄၀၀ အကျိုးပြု ကံကြီးကုန်းဆည်၊ ပေါက်ခေါင်းမြို့နယ်တွင် ဧက ၄၅၀၀ နှင့် ဧက ၆၂၅၀၀ အကျိုးပြု တောင်နဝင်း မြောက်နဝင်းဆည် နှစ်ခု၊ ရွှေတောင်မြို့နယ်တွင် ဧက ၈၀၀၀ အကျိုးပြု နတ်မော်နှင့် ဧက ၁၂၀၀ အကျိုးပြုရွှေတောင်ဆည်၊ ပန်းတောင်းမြို့နယ် ရေပေးဝေရေးအတွက် တောင်မောက်နှင့် ကျီးပင်ဆည်၊ ဧက ၃၀၀ အကျိုးပြု မောင်ကိုင်းဆည်၊ ဧက ၂၀၀၀ အကျိုးပြု ခဝါဆည်၊ ပေါင်တည်မြို့နယ်မှ ဧက ၄၅၀၀၀ အကျိုးပြု

ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် အမျိုးသမီးများနေ့ အခမ်းအနားတွင် ပဲခူးတိုင်း အနောက်ပိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဝဲကြီးဆည်၊ နတ္တလင်းမြို့နယ်တွင် ဧက ၂၀၀၀ အကျိုးပြုရေသိုးနှင့် ဧက ၅၀၀၀၀ အကျိုးပြု တောင်ညိုဆည်၊ ကြို့ပင်ကောက်မြို့နယ်တွင် ဧက ၃၀၀၀၀ အကျိုးပြု ဘော်ဘင်ဆည်၊ အုတ်ဖိုမြို့နယ်တွင် ဧက ၁၅၀ အကျိုးပြု စဥ့်ကူးချောင်းဂေါင်းဆည်နှင့် ဧက ၁၅၀၀၀ စီအကျိုးပြု ဂမုန်းနှင့် မင်းလှဆည်၊ လက်ပံ့တန်းမြို့နယ်တွင် ဧက ၁၂၀၀၀ အကျိုးပြု သဲကောဆည်၊ သာယာဝတီမြို့နယ်မှ ဧက ၅၀၀၀၀ အကျိုးပြု သုံးဆယ်ဆည် စသည့် ဆည်တမံအစုအဖွဲ့များကို ကွက်ပြည့် အကြားအလပ်မရှိ ဖြည့်တင်းတည်ဆောက်ပေးခဲ့ကြောင်း၊ အခြေအနေပေးသည့် ဒေသများတွင်လည်း မြစ်ရေတင်လုပ်ငန်း ကိုးခု၊ ချောင်းမြောင်းတမံပိတ်ဆို့မှုလုပ်ငန်း ၄၆ ခုတို့ကို ထပ်မံ အားဖြည့်ပေးခဲ့သည့်အတွက် သီးထပ်ဧရိယာပေါင်း ၂၇၂၆၅၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးစပါးဧက ၁၀ သိန်းကျော်နှင့် နွေစပါး ဧက တစ်သိန်းခွဲကျော်၊ စပါးစိုက်ပျိုးထုတ်လုပ်မှု အရှိန်ထိုးမြင့်တက်ခဲ့သည့်အတွက် တိုင်းအတွင်းလူဦးရေ ၂ ဒသမ ၄ သန်း၏ ဒေသဆန်ဖူလုံရုံသာမက အခြားသော ပြည်နယ်၊ တိုင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း။

ထို့ကြောင့် လယ်ယာကဏ္ဍထုတ်လုပ်မှုတန်ဖိုးသည် ရည်မှန်းချက်ထက် ကျော်လွန်ပြီး ၉ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ စေတနာကြောင့် မိုးစပါး၊ နွေစပါး အပါအဝင် အဓိကသီးနှံ ၁၀ မျိုး အမယ်သစ်သီးနှံ သုံးမျိုးတို့ကို တိုးချဲ့စိုက်ပျိုးနိုင်သည့်အတွက် ပဲခူးတိုင်း(အနောက်ပိုင်း)၏ တစ်ဦးချင်းဝင်ငွေသည် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ငွေကျပ် သုံးသိန်းကျော်ရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ကျေးလက် တောင်သူများ ဆွတ်ခူး စားသုံးနေကြရမည်ဖြစ်ကြောင်း တင်ပြလိုကြောင်း။

တောင့်တင်းကြံ့ခိုင်လာ

ပဲခူးတိုင်းသည် နိုင်ငံ၏အတွင်းပိုင်း မြေပြန့်ဒေသ၌ တည်ရှိနေသော်လည်း ၁၉၈၈ ခုနှစ်ကာလအထိ လမ်းပန်းဆက်သွယ်ရေးသည် ကျယ်ပြန့်ချောမွေ့မှုနည်းခဲ့သော်လည်း ယခုအခါ နိုင်ငံတော်အစိုးရက ရန်ကုန်–ပြည်–မကွေးလမ်းပိုင်း ထိန်းသိမ်းတိုးချဲ့ပြုပြင်မှုများ၊ ပြည်–ပေါက်ခေါင်း၊ တောင်ငူလမ်းပိုင်းများကို တိုးချဲ့ဖောက်လုပ်ခြင်းများအပါအဝင် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်း၊ မြေသားလမ်း စုစုပေါင်း ၂၀၅၃ မိုင် ဖောက်လုပ်ခဲ့ကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း လမ်းတံတားများ ဖြစ်ထွန်းကြံ့ခိုင်လာစေခြင်းသည် ပြည်ထောင်စုလမ်းမကြီး၏ ကွန်ရက်မဏ္ဍိုင်ကို တောင့်တင်းကြံ့ခိုင်လာစေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းအတွင်း၌ ဧရာဝတီမြစ်ကူးတံတားဖြစ်သည့် နဝဒေးတံတားသည် တပ်မတော်အစိုးရလက်ထက် ပထမဆုံး မြစ်ကူးတံတားအဖြစ် ၁၉၉၇ ခုနှစ်တွင် ပေါ်ထွန်းခဲ့ကြောင်း၊ ၄၁၈၃ ပေရှည်ပြီး ပြည်–ဆင်တဲလမ်းပေါ်၌ တည်ရှိသည့် တိုင်း၏ ဂုဏ်ဆောင်တံတားကြီးဖြစ်ကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ရခိုင်ဒေသကို သွားလာမှုလွယ်ကူစေပြီး ငွေကျပ် ၈၃၃၁ ဒသမ ၇ သိန်းနှင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၈၅ သန်းအကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရ လက်ထက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်း နဝဒေးတံတားကြီးအပြင် လက်ပံတန်း–ဟသ်ာတ လမ်းပေါ်မှာ ပေ ၁၅၂၀ ရှည်သည့် မြစ်မခတံတား၊ ရန်ကုန်–ပြည်လမ်း သဲကုန်းမြို့နယ်အတွင်းရှိ ဝက်ပုတ်တံတား၊ ပေါက်ခေါင်းမြို့နယ်အတွင်း သိုက်ချောင်းတံတားနှင့် ဘမောင်တံတားစသည့် တံတားများ အစီအရီတည်ဆောက်ပေးထားသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း၊ ရထားလမ်းပိုင်းအနေဖြင့် ပြည်–အောင်လံလမ်းအပါအဝင် ရထားလမ်း ၁၃ ဒသမ ၅ မိုင်၊ သံလမ်း ၁၄ ဒသမ ၃၄ မိုင် ဘူတာရုံလေးရုံ တည်ဆောက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းများသည် ကျေးရွာချင်းဆက် မြို့ကို တက်ပြီး ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုကို လုံခြုံချောမွေ့စေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းစဉ်ကို အကောင် အထည်ဖော်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးထုက မိမိတို့ တိုင်း၏ လယ်ယာကဏ္ဍနှင့် အတူ အခြားစီးပွားရေးဆိုင်ရာကဏ္ဍများ အချိုးညီညီဆောင်ရွက်နိုင်ရေးအတွက် အာရုံစိုက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ရေရှည်အကျိုးပြု

မိမိတို့နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များအရ စိုက်ပျိုးရေးကိုအခြေခံပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ရာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်မြို့ ခေတ္တရာစက်မှုဇုန်၌ လုပ်ငန်းပေါင်း ၁၆၆ ခုကို ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၀၇ ဒသမ ၇၄ သန်းဖြင့် လည်ပတ်ကာ ကုန်ထုတ်လုပ်မှု တန်ဖိုးငွေကျပ် ၄၂၄ ဒသမ ၆၅ သန်း ရှိနေကြောင်း၊ မြေကြီးမှ ရွှေသီးပေးနေသည့် မိမိတို့၏ ပဲခူးတိုင်း(အနောက်ပိုင်း)မှာ ပြည်တောင်တန်းရေနံမြေရှိသည့်အတွက် တစ်နေ့လျှင် ပျမ်းမျှ ရေနံစည်ပေါင်း ၁၉၉ စည်၊ သဘာဝဓာတ်ငွေ့ ၂ ဒသမ ၁၈ ကုဗပေသန်း ထုတ်လုပ်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည် ၁၇၃ ဒသမ ၂ မိုင် သွယ်တန်းထားပြီး သဘာဝဓာတ်ငွေ့သုံး ယာဉ်များအတွက် ရေရှည် ပါဝင်အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်း။

စက်ရုံ၊ အလုပ်ရုံများအနေဖြင့် နိုင်ငံပိုင်စက်ရုံ ၃၉ ရုံ၊ ပုဂ္ဂလိကပိုင် ၁၃၁၉ ရုံ ရှိသည့်အတွက် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ ပဲခူးတိုင်း(အနောက်ပိုင်း)၌ နေထိုင်ကြသည့် အမျိုးသမီးများကို လယ်ယာကိုင်းကျွန်း အလုပ်အကိုင်များအပြင် စက်ရုံ၊ အလုပ်ရုံများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ပေးနိုင်သည့်အတွက် အခြားသော ဒေသများကို သွားရောက်အလုပ်အကိုင် ရှာဖွေခြင်းမရှိကြတော့ကြောင်း၊ အလုပ်အကိုင်နှင့် ငွေကြေးအခက်အခဲများကို အကြောင်းပြပြီး ဝိသမလောဘတက်စေသည့် လူကုန်ကူးရေးအတွက် လာရောက်သူများအနေဖြင့် လာလမ်းကို ပြန်လှည့်ကြရသည့် ဒေသဖြစ်နေကြောင်း၊ လူကုန်ကူးခံရသူများ မရှိသည့်အတွက် ဆက်နွှယ်နေသော HIV/AIDS ရောဂါအတွက်လည်း နောင်ရေးစိတ်အေးရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လူကုန်ကူးခံရမှုမဖြစ်ပွားစေရေးနှင့် ဆက်စပ်ရောဂါဖြစ်သည့် HIV/AIDS ရောဂါကြိုတင် ကာကွယ်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်းနည်းအားဖြင့် ကာကွယ်ပေးထားသကဲ့သို့ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကလည်း နယ်မြေအသီးသီးကို ကွင်းဆင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း၊ အထက်ပါ ဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် မိမိတို့ နိုင်ငံ၌ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ဒေသအတွင်းနိုင်ငံများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေပြီး မည်သည့် အကူအညီမျှမရရှိစေကာမူ တစိုက်မတ်မတ်ဆောင်ရွက်နေပါသည်ဟု ပြောကြားလိုကြောင်း။

ကာကွယ်စောင့်ရှောက်

ဆက်လက်ပြီး ပြောကြားလိုသည်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖြစ်ကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ အခြေခံ သယံဇာတသည် ရေမြေတောတောင်နှင့် ရာသီဥတုဖြစ်ခြင်းကြောင့် တော၊ တောင် ပျက်စီးပါက မြေလည်းပျက်၊ ရေလည်း ပျက်စီးပြီး ရာသီဥတု ဖောက်ပြန်လာမည်ဖြစ်၍ သစ်တောများ မပျက်စီးစေရေးအတွက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒ လမ်းညွှန်ချက်နှင့်အညီ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း သစ်တောများ မပြုန်းတီး၊ မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ ပတ်ဝန်းကျင်မှာရှိသည့် သစ်တောများ ပြုန်းတီးမှုမရှိစေရန် အလေးထား ထိန်းသိမ်းကာကွယ်လျက် ရှိသကဲ့သို့ သစ်တောစိုက်ခင်းအသစ်များ ဖြစ်ထွန်းလာစေရန် နိုးကြားတက်ကြွစွာဖြင့် ပူးပေါင်း ကူညီလုပ်ဆောင်လျက်ရှိခြင်းကြောင့် ပဲခူးတိုင်း(အနောက်ပိုင်း)၌ သစ်တောစိုက်ခင်းများ တိုးပွားလျက်ရှိသည်ကို တွေ့နိုင်ကြောင်း၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ် ၁၃ မြို့နယ်မှ ဆောင်ရွက်လျက်ရှိရာ သစ်တောစိုက်ခင်းပေါင်း ၁၆၂၂၁၂ ဧကအထိ တိုးချဲ့စိုက်ခဲ့ကြောင်း၊ ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် သရက်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး လယ်မြေဧက ၃၀၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဘော်ဘင်ရေလှောင်တမံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီ အခွန်လွတ်ဈေးအတွင်းလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန တို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချိုလုပ်ငန်း ငါးမျိုးစုံအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးနှင့် ကုန်ပစ္စည်းများကို ပြည်သူလူထုက ယခင်ကထက် ပိုမိုအားထားဝယ်ယူစားသုံးလာကြသဖြင့် ပြင်ပထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်၊ သန့်ရှင်းရေး ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် အလေးထားကြပ်မတ် ထိန်းသိမ်းကြရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နံနက် ၇ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံခါးတွင် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက် နှစ်စဉ် ပျမ်းမျှလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်းထုတ်လုပ် မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည်

နေပြည်တော် ဇူလိုင် ၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကြည်သာ လိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်း၏ လက်ယာဘက်ကမ်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

ဆွေးနွေးမှာကြား

ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ စီမံကိန်းလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပေးစက်ရုံ အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံအတွက် စက်ပစ္စည်းများ ရောက်ရှိမှုနှင့် ထားသိုမှုများ၊ တာဘိုင်ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်တည်ဆောက်နေမှု၊ Startar Coil တပ်ဆင်မှု၊ Roter တပ်ဆင်မှု၊ Sircuit Braker လေးလုံး တပ်ဆင်မှုများနှင့် ၁၁/၃၃ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားခွဲရုံတွင် ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများ၊ ကြွေသီးများ၊ စက်ခလုတ်များ တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိသူများ အား စက်ကိရိယာတပ်ဆင်ခြင်း၊ လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ပို့လွှတ်ဖြန့်ဖြူးပေးမည်

ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက စက်တပ်ဆင်အင်အား ၁၂ ဒသမ ၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံး၊ စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်ဖြင့် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်စွမ်းအား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၃ သန်း ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် တောင်ငူခရိုင် ဖြူးမြို့၏ အနောက်တောင်ဘက်ရှိ ကွန်းချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးက တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်း ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် စီမံကိန်းမှ တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်း ရောက်ရှိမှု၊ မိုးရာသီတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်း၏ ဘယ်ဘက်ကမ်းမှနေ၍ စီမံကိန်း၏ ညာဘက်ကမ်းတွင် ရေထုတ်ပြွန်နှင့် ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှု၊တမံမြေဖို့ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တမံဖြတ်ပိုင်းပုံစံငယ်ကို ကြည့်ရှုကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဖိအားမြှင့်သံမဏိပိုက်လိုင်းတစ်လျှောက်နှင့် ရေလှောင်ထိန်းစည် ပတ်ဝန်းကျင်တွင် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေးမည်

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀ ရှိ စက်သုံးလုံး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၁၉၀ ထုတ်လုပ်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘားအံမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၆

ဇူလိုင် ၆ ရက် နံနက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၄၉ မီလီမီတာ (၁၃ ဒသမ ၇၄ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၃ နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၃၇ မီလီမီတာ (၉ ၃ ဒသမ ၃၃ လက်မ)ဖြစ်ပြီး ၁၉၈၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

သာမဏေကျော်ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာချွန်ဆုပေးပွဲ

ရန်ကုန် ဇူလိုင် ၆

ပဲခူးမြို့ ဥဿာမြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်နှင့် ကျောင်းတိုက်ခွဲများ၌ ဝါဆိုဝါကပ်တော်မူကြမည့် ဘဒ္ဒန္တ ဝိစက္ခဏာ လင်္ကာရ ဘိဝံသ (သစသအ၊ ဓမ္မာစရိယ B.A, Myanmar, Q) မဟာဂန္ထဝါစကပဏ္ဍိတ အမှူးရှိသော စာချ/စာသင် သံဃာတော်အရှင်မြတ်အပါး ၃၅၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာမေးပွဲအသီးသီး၌ ထူးချွန်စွာ အောင်မြင်တော်မူကြသည့် အရှင်မြတ်များနှင့် ဘွဲ့ရ အရှင်မြတ်များအား ဂုဏ်ပြုသည့် ပညာချွန် ဆုပေးပွဲ အခမ်းအနားကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင် ၉ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတိုက်အတွင်းရှိ စွန်ညီနောင်စွန်မင်း ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

အိမ်မွေးတိရစ္ဆာန်များနှင့် ထိတွေ့မှုများခြင်း ပန်းနာနှင့် မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်ပွားနိုင်

လူတို့အနေဖြင့် အိမ်မွေးတိရစ္ဆာန်များအား ထိတွေ့မှုများခြင်းသည် ပန်းနာ ရောဂါဖြစ်ပွားမှုကို တွန်းအားပေးသလိုဖြစ်နေကြောင်း၊ ထိုသို့ပြုမူခြင်းကို ရှောင်ကြဉ်သင့်ကြောင်း လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တုံ့ပြန်မှုဓာတ်သတ္တိ

အိမ်မွေးတိရစ္ဆာန်များ မွေးမြူရာတွင် သီးခြားအကာအရံ အတားအဆီးများဖြင့် မွေးမြူပြီး လူများနှင့် ထိတွေ့မှုနည်းနိုင်သမျှနည်းအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်တို့၏ တုံ့ပြန်မှုဓာတ်သတ္တိသည် လူတို့အတွက် အကျိုးကျေးဇူး အနည်းငယ်မျှကို ရရှိစေသော်လည်း ကျန်းမာရေးအတွက် ထိခိုက်မှုများဖြစ်ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသက်ကြီးလာလျှင်

ထို့ကြောင့် ကလေးငယ်ဘဝတွင် အိမ်မွေးကြောင်များနှင့် အထိအတွေ့များမှုသည် လူ့ဘဝ၌ ငယ်ငယ်ရွယ်ရွယ်နှင့် ရင်ကျပ်ပန်းနာရောဂါကို ရရှိစေကြောင်း၊ ထို့အတူ ရင်ကျပ်ပန်းနာရောဂါအပြင် အသက်ကြီးလာလျှင် ဦးနှောက်အသိဉာဏ် ချို့ယွင်းမှုရောဂါဖြစ်ပွားတတ်ကြောင်း သိရသည်။

အင်တာနက် အထူးသတင်း



ရောဂါဖြစ်ပွားမှု ပိုမိုပြင်းထန်

ပန်းနာရောဂါသည် အနံ့၊ အရသာနှင့် ဓာတ်မတည့်မှုဖြစ်ပွားပါက ရောဂါဖြစ်ပွားမှု ပိုမိုပြင်းထန်ပြီး ရောဂါခံစားရမှုများပြားစေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ထို့ကြောင့် အိမ်မွေးတိရစ္ဆာန်များနှင့် အချိန်ကြာရှည်စွာ အတူမနေသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

ဂျာမနီသံအမတ်ကြီး ဦးတင်ဝင်းအား ချက်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဥက္ကလာပစေတီတော် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံကြီးတွင် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်မှ ၁၂ ရက်အထိကျင်းပမည့်၁၀ ရက်တရားစခန်း၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် ဓမ္မကထိက (ကညင်ကုန်း ဆရာတော်) ဘဒ္ဒန္တ ဥာဏောဘာသ အရှင်သူမြတ်က ပဋ္ဌိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများနှင့် အာဟာရဒါနပြုလိုသူများ ဂေါပကအဖွဲ့ရုံးတွင် ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ယောဂီများ ဇူလိုင် ၁၁ ရက် (အင်္ဂါနေ့) ညနေ ၅ နာရီ အရောက် နိုင်ငံသားစိစစ်ရေးကက်နှင့် တကွ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(၂၀၀)

ရှမ်းပြည်နယ်တစ်ခုလုံးပညာရေး၊ကျန်းမာရေး၊စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်အောင်အစီအမံများချမှတ်ဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလား အခြေခံပညာအထက်တန်းကျောင်းတွင် တိုင်းရင်းသားသွေးချင်းလူငယ်မောင်မယ်တို့ အေးချမ်းနွေးထွေးစွာ ပညာသင်ကြားလျက်ရှိကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

✡ ကျောဖုံးမှ

ထိုင်းနိုင်ငံနှင့် ထိစပ်နယ်နိမိတ် ၁၈၂ မိုင်၊ အနောက်ဘက်တွင် သံလွင်မြစ်တို့ တည်ရှိကြောင်း၊ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၁၆၀၁၅ ရှိပြီး ဧရိယာဧကအားဖြင့် ၁၀ဒသမ ၂သန်းခန့်ကျယ်ဝန်းပြီး တစ်စတုရန်းမိုင်မှာ လူဦးရေ ၅၂ဦး နေထိုင်လျက်ရှိကြောင်း။

တက်ကြွစွာပါဝင်ဆောင်ရွက်

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၂၀၀မှ ပေ၈၀၀၀အထက်ရှိသည့် ဒေသဖြစ်ပြီး ဆန်စပါး၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များထွက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ခရိုင်လေးခရိုင်၊ မြို့နယ်၁၁မြို့နယ်၊ မြို့နယ်ခွဲခုနစ်ခု၊ ရပ်ကွက် ၇၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁၅အုပ်စု၊ ကျေးရွာ ၂၉၇၉ရွာဖြင့် ဖွဲ့စည်းထားကြောင်း၊ အိမ်ခြေ ၁၂၆၆၁၀၊ အိမ်ထောင်စု ၁၃၄၅၄၈၊ လူဦးရေ ၈၄၈၂၉၃ဦးရှိပြီး၊ ရှမ်း၊ အခါ၊ လားဟူ၊ ‘ဝ’လူမျိုးစုများအပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်အစရှိသော တိုင်းရင်းသားလူမျိုးများ နေထိုင်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တစ်ဖွဲ့၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့လေးဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ၁၀ ဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ ၂၂၇ ဖွဲ့ ဖွဲ့စည်းထားပြီး သက်ကြီးအဖွဲ့ဝင် ၇၃၇၅၃ဦး၊ သက်ငယ်အဖွဲ့ဝင် ၂၉၉၃၇ဦး စုစုပေါင်း အဖွဲ့ဝင် ၁၀၃၆၉၀ ရှိပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ်တစ်ခုလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် အစီအမံများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ နိုင်ငံတော်အစိုးရက မိမိတို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် မိုင်းလားမြို့နယ်ကိုလည်းကောင်း၊ မိုင်းပေါက်မြို့နယ်ခွဲ၊ ပုံပါကျင်မြို့နယ်ခွဲ၊ တာလေမြို့နယ်ခွဲ၊ တုံတာမြို့နယ်ခွဲ၊ မိုင်းယုမြို့နယ်ခွဲ၊ ကျိုက်လတ်မြို့နယ်ခွဲ၊ မိုင်းခုတ်မြို့နယ်ခွဲ စသည့် မြို့နယ်ခွဲခုနစ်ခုကို ဖွဲ့စည်းပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားစိုက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အထက ၂၄ ကျောင်း၊ အလက ၁၉ ကျောင်း၊ အမက ၅၂၉ ကျောင်း၊ အထကခွဲ သုံးကျောင်း၊ အလကခွဲ လေးကျောင်း၊ မူလွန်ကျောင်း ၃၈ ကျောင်း၊ အလကတွဲ လေးကျောင်း၊ အမကခွဲ ၁၂ ကျောင်း စုစုပေါင်း ၆၃၃ ကျောင်း၊ ဆရာ ဆရာမ ၂၅၂၆ ဦးနှင့် ကျောင်းသား ကျောင်းသူ ၆၅၂၆၀ အထိ တိုးတက်လာခဲ့ကြောင်း၊ ထို့အပြင် ၁၉၉၉ ခုနှစ်မှ ကျိုင်းတုံ ဒီဂရီကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်ကိုလည်းကောင်း ၂၀၀၁ ခုနှစ်မှာ ကျိုင်းတုံ အစိုးရ ကွန်ပျူတာကောလိပ်ကိုလည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအဖြစ် ၂၀၀၆ ခုနှစ်တွင် ပြည်နယ်အဆင့်ဆေးရုံ ခုတင် (၂၀၀)ဆံ့ ဆေးရုံ တစ်ရုံ၊ ခရိုင်အဆင့် ဆေးရုံ သုံးရုံ၊ မြို့နယ်အဆင့် ဆေးရုံ ငါးရုံ၊ တိုက်နယ်အဆင့်ဆေးရုံ လေးရုံ၊ မြို့နယ်ခွဲဆေးရုံရှစ်ရုံ၊ နယ်စပ်ဆေးရုံ ငါးရုံ၊ နယ်စပ်ဆေးပေးခန်း ၁၉ ခု၊ ကျောင်းကျန်းမာရေးတစ်ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ကိုးခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၄ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၈၇ ခု၊ သူနာပြုသင်တန်းကျောင်း တစ်ကျောင်း၊ တိုင်းရင်းဆေးကုဌာန တစ်ခု၊ တီဘီဌာန၊ ငှက်ဖျားဌာနနှင့် အနာကြီးဌာနတစ်ခု စုစုပေါင်း ၁၇၁ ခု တိုးတက်လာသည့်အပြင် ယခုအခါ ဆရာဝန် ၈၇ ဦး၊ သူနာပြုဆရာမ ၂၂၄ ဦး ရှိပြီး ဆရာဝန်နှင့် လူဦးရေ ၁ အချိုး ၉၆၄၀၊ သူနာပြုနှင့် လူဦးရေအချိုး ၁ အချိုး ၃၈၂၁ ရှိနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းဖြင့် ပြည်နယ်/ပြည်မ ကူးသန်းသွားလာမှုလွယ်ကူလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာလာမှာဖြစ်သည့်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ကတ္တရာလမ်း ၂၂၁ မိုင် လေးဖာလုံ၊ ခွဲကျောက်လမ်း ၁၉မိုင် တစ်ဖာလုံ၊ အမာခံကျောက်လမ်း ၃၃၇မိုင် လေးဖာလုံ၊ မြေသားလမ်း ၈၂၁မိုင်အထိ တိုးတက်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ အထက် တံတား လေးစင်း၊ ပေ ၁၈၀ အောက်တံတား ၃၁၂ စင်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ပေ ၁၈၀ အထက် တံတားရှစ်စင်း၊ ပေ ၁၈၀ အောက်တံတား ၃၉၃ စင်းအထိ တိုးတက်လာခဲ့ကြောင်း။

တိုးတက်ဖွင့်လှစ်နိုင်

ဆက်သွယ်ရေးကဏ္ဍတွင် ၂၀၀၆ ခုနှစ်တွင် စာတိုက် ၂၆ ခု၊ ကြေးနန်းစခန်း ၂၁ ခု၊ အော်တိုတယ်လီဖုန်းစခန်း ၃၅ ခု၊ လက်လှည့်တယ်လီဖုန်းစခန်း ငါးခု၊ ဂြိုဟ်တုစခန်း သုံးခု၊ မိုက်ကရိုဝေ့ဗ်စခန်း ၁၂ ခု အထိ တိုးတက်ဖွင့်လှစ်နိုင်သည့်အပြင် ကျိုင်းတုံတွင် အော်တိုတယ်လီဖုန်း ၁၉၈၃ လုံး၊ တာချီလိတ်တွင် ၉၃၀ လုံး၊ မိုင်းဆတ်တွင် ၃၇၆ လုံး၊ မိုင်းဖြတ်တွင် ၉၄ လုံး၊ မိုင်းလားတွင် ၁၆၄ လုံး စုစုပေါင်း ၃၅၄၇ လုံး တပ်ဆင်အသုံးပြုနေပြီး ဖြစ်ကြောင်း၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့များမှာ GSM မိုဘိုင်းလ်ဖုန်းများလည်း တပ်ဆင်အသုံးပြုနေပြီ ဖြစ်ကြောင်း။

လယ်ယာကဏ္ဍ၌ စိုက်ပျိုးနိုင်သောမြေမှာ ၃၆၈၀၃၅ ဧကရှိပြီး စပါးသီးနှံကို ၂၅၇၆၃ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ မိုးစပါး၊ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၏ ဝမ်းစာဖူလုံမှုမှာ ၁၆၅ ဒသမ ၁၁ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀ မျိုး အပြင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲပုပ်၊ ရော်ဘာများကို စိုက်ပျိုးလျက်ရှိကြောင်း၊ တပ်မတော်အစိုးရလက်ထက် ဒေသခံတိုင်းရင်းသားညီအစ်ကိုများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာဧက ၁၅၀၀၀ ဖော်ထုတ်ရေးစီမံဆောင်ရွက်လျက်ရှိရာ ဧက ၃၅၂၀ ဖော်ထုတ်ပေးနိုင်ပြီး ဖြစ်ကြောင်း၊ ရော်ဘာဧက နှစ်သိန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ် လူတစ်ဦးချင်းဝင်ငွေ ၂၅၂၂၃ ကျပ်ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ လူတစ်ဦးချင်းဝင်ငွေ ၉၇၄၄၂ ကျပ်အထိ တိုးတက်မြင့်မားလာနေပြီဖြစ်ကြောင်း။

မီးရှို့ဖျက်ဆီး

၂၀၀၅ ခုနှစ် ဩဂုတ် ၁၇ ရက်နေ့ SSA-S အဖွဲ့က အင်အား ၄၀ ခန့်သည် ကျိုင်းတုံမြို့နယ် မိုင်းအင်းကျေးရွာအုပ်စု ဟာဗီးလွယ်ကျေးရွာ မိမိတို့ရင်သွေးငယ်များ ပညာသင်ကြားနေသည့် နမ့်ဘွယ်အခြေခံပညာမူလတန်းကျောင်းသို့ ဝင်ရောက်လာပြီး စာသင်ခုံများကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း။

၂၀၀၅ ခုနှစ် မေလအတွင်း SSA-S သောင်းကျန်းသူများ၏ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးတောင်းခံခြင်းတို့ကြောင့် မိုင်းဖြတ်မြို့နယ် လုံကောင့်ကျေးရွာအုပ်စု ပါခါးယောင်းကျေးရွာမှ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၁၂၅ ဦးသည် မိုင်းဟဲကျေးရွာအုပ်စု ဟိုခန့်ကျေးရွာ၊ ဘိုရှီးကျေးရွာနှင့် တာချီလိတ်မြို့နယ်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း။

အလားတူ ၂၀၀၆ ခုနှစ် မတ်လ ပထမပတ်အတွင်း မိုင်းဖြတ်မြို့နယ် လန်းဆတ်ကျေးရွာအုပ်စု နမ့်ပေါက်ကျေးရွာမှ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၁၉၀ သည် မိုင်းဖြတ်ကွက်သစ်ရပ်ကွက် နမ့်နန်းကျေးရွာနှင့် ကျိုင်းတုံမြို့နယ်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း။

အတင်းအဓမ္မဖမ်းဆီး

၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့ ည ၁၁း၀၀ အချိန် SSA-S အင်အား ၁၅ ဦးသည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်ကျေးရွာ၊ မဟုန်ကန်ကျေးရွာ၊ ဝမ်တုံကျေးရွာများသို့ ဝင်ရောက်လာပြီး လူသစ်စုဆောင်းရန်အတွက် ကျေးရွာသား ၁၇ ဦးကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တာချီလိတ်ခရိုင်သည် ရှမ်းပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ ထွက်ပေါက်များအနက် အရေးပါသော နယ်စပ်ထွက်ပေါက်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းပိုင်းက ဗဟုသုတနည်းပါးသည့် မိန်းကလေးများကို မသမာသူများက မက်လုံးပေးစည်းရုံးသိမ်းသွင်းပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားခြင်း၊ တစ်နည်းအားဖြင့် လူကုန်ကူးခြင်း ခံရသူများကို ကျိုင်းတုံ၊ တာချီလိတ်မြို့များကိုဖြတ်ကာ တစ်ဖက်နိုင်ငံသို့ အလွယ်တကူရောက်ရှိစေနိုင်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း လူကုန်ကူးမှုကာကွယ်ရန် အရွယ်မရောက်သေးသည့် မိန်းကလေးများ တစ်ဖက်နိုင်ငံသို့ မရောက်စေရေးအတွက် ကျိုင်းတုံလေဆိပ်၊ တာချီလိတ်လေဆိပ်၊ ကားဂိတ်များတွင်လည်း စောင့်ကြည့်ရေးအဖွဲ့များချထားကာ ဒေသအတွင်း ဝင်ရောက်လာသူ ခရီးသည်များအတွင်းမှ လူကုန်ကူးမှုနှင့် မသင်္ကာဖွယ်ရာ ခရီးသွားလာမှုများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ထိထိရောက်ရောက်အကောင်အထည်ဖော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ထုတ်ပြန်သည့် အမိန့်အမှတ်(၄/၂၀၀၆)အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူကုန်ကူးမှု ကာကွယ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၁၅ဦးဖြင့် ဖွဲ့စည်းထားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆုများချီးမြှင့်

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ထူးချွန်ထက်မြက်သော အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တက္ကသိုလ်ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိကြသည့် ကျောင်းသူများအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်းရိုက်ကူးရန် အနုပညာရှင်များဖလမ်းမြို့သို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၆

၂၀၀၆ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **“မိခင်ကောင်းကင် ကြယ်စင်မောင်နှမ”** ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းများ ရိုက်ကူးရန် ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များသည် ဇူလိုင်၅ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ဖလမ်းမြို့သို့ ကလေးမြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ ဂုဏ်ပြုရုပ်ရှင်ဇာတ်ကားကို အကယ်ဒမီငြိမ်းမင်းက ဇာတ်လမ်းဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီစင်ရော်မောင်မောင်က သရုပ်ဖော်ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင် အနုပညာရှင်များအဖြစ် အကယ်ဒမီညွှန့်ဝင်း၊ အကယ်ဒမီ နေအောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ ရာဇာနေဝင်း၊ နေထက်လင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ နွဲ့နွဲ့မူ၊ သက်မွန်မြင့်၊ သဉ္ဇာဝင့်ကျော်နှင့် ဇာတ်ပို့ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁ ရက်မှစ၍ ရန်ကုန်မြို့၌ စတင်ရိုက်ကူးပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းများသို့ ဇာတ်ဝင်ခန်းများ သွားရောက်ရိုက်ကူးကာ၂၀၀၆ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအမီ ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၀၆ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ မရမ်းကုန်းရေထိန်းတံခါး
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ English for Everyday Use
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၀ ၆။ အကပြိုင်ပွဲ
၁၇း၁၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၂၅ ၈။ အတီးပြိုင်ပွဲ
၁၇း၃၅ ၉။ **“ဟွန်းသံ”** (ဇော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇း၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်လိပ်ပြာလေး တဝဲလည်လည်”** (အပိုင်း-၄)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **“နှောင်ကြိုး၏လက်ဆောင်”** (အပိုင်း-၂) လွင်မိုး၊ အောင်လွင်၊ နန္ဒာလှိုင် (ဒါရိုက်တာ-မောင်မျိုးမင်း)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်

၉-၇-၂၀၀၆ ရက်နေ့

နှင့်

၃၀-၇-၂၀၀၆ ရက်နေ့

အိပ်မက်ပင်မမက်ခဲ့ဖူးသော ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးအကြောင်း ရေးချင်ခဲ့တာ ကြာပါပြီ။ ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးဖွင့်တဲ့နေ့ ၂၀၀၆ခုနှစ် ဧပြီလ ၁၇ရက်နေ့ကတည်းကပါပဲ။ အဲဒီနေ့ကဆိုရင် ကျွန်တော့်ရင်ထဲမှာ မဖော်ပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

ကျွန်တော်ဟာ ကျောက်ဖြူဇာတိ ရခိုင်သားတစ်ဦးဖြစ်ပါတယ်။ ရန်ကုန်မှာအခြေချနေထိုင်ခဲ့ပေမယ့် မွေးရပ်မြေ ကျောက်ဖြူကိုတော့ တစ်နှစ်တစ်ခေါက် နှစ်ခေါက်ကတော့ ရောက်ဖြစ်ပါတယ်။ အဲဒီတုန်းက ကျောက်ဖြူကို သွားချင်ရင် ရေကြောင်းလမ်းကိုပဲ အဓိကအားထားခဲ့ရပါတယ်။ ရေကြောင်းလမ်းက ခရီးကလည်းကြာ၊ လေဒဏ်မိုးဒဏ်ကိုလဲ ကြောက်ရသေးတော့ မသွားမဖြစ်လို့သာ သွားရတယ်၊ အသည်းတထိတ်ထိတ်ပါပဲ။

ရန်ကုန်–ကျောက်ဖြူလမ်းကို ဖောက်နေတယ်ဆိုတာ သတင်းကြားနေရတာတော့ကြာပါပြီ။ ၂၀၀၀ပြည့်နှစ်ကျော်ကျော်လောက်ကတည်းကပါ။ အရင်ကတော့ တောင်ကုတ်တို့၊ မအီတို့ဘက်ကို ရောက်ဖူးပါတယ်။ အဲဒီဒေသဟာ အလွန်ရှုခင်းလှပပြီး ထူထပ်တဲ့ဒေသပါ။ ဒီရေအတက်အကျလဲရှိပါတယ်။ လမ်းဖောက် တံတားဆောက်ဖို့ကိစ္စကတော့ အလွန်မလွယ်တဲ့ကိစ္စပါ။ လူအများကလဲ ဖြစ်မှဖြစ်နိုင်ပါ့မလားလို့ ပြောဆို နေခဲ့ကြတာပါ။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ အိပ်မက်တောင် မမက်ဝံ့တဲ့ ကိစ္စပါ။ အိပ်မက်မက်ရင်တောင် ဖြစ်နိုင်သေးတယ်လို့ ပြောလို့ရပါသေးရတယ်။ အခုကိစ္စက အိပ်မက်ထဲတောင် ထည့်မမက်ဝံ့အောင် မဖြစ်နိုင်တဲ့ကိစ္စလို့ ကျွန်တော်ထင်ခဲ့ပါတယ်။

ဟော–အခုတော့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး တကယ် ပေါက်ခဲ့ပါပြီ။ အားလုံး အံ့သြကုန်ကြပါပြီ။ အိပ်မက်ပင်မမက်ခဲ့ဖူးသော ဤလမ်းမကြီးကို အခုအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ကျောက်ဖြူသား (ကျွန်းသား) ဖြစ်တဲ့ ကျွန်တော့်မှာတော့ ဝမ်းသာမှုကို ဖော်မပြတတ်အောင်ပဲ ပီတိတွေဖုံးလွှမ်းခဲ့ရပါပြီ။ ဒီလမ်းမကြီး ဖြစ်ပေါ်လာခဲ့တဲ့အတွက် ရခိုင်သားတွေက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျေးဇူးတင်မဆုံး ဖြစ်နေကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အထူးပြောဖွယ်မရှိတော့ပါဘူး။ ဘယ်သူမျှ စိတ်မကူးနိုင်တဲ့အရာကို ဗိုလ်ချုပ်မှူးကြီး စိတ်ကူးနိုင်ခဲ့ပြီးဖြစ်အောင်လဲ အကောင်အထည် ဖော်နိုင်ခဲ့ပါပြီ။ ယခုဆိုရင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဘယ်ခေတ်နဲ့မျှ မတူဘဲ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက် အောင်မြင်နေတာတွေကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ ဒါတွေဟာ ဗိုလ်ချုပ်မှူးကြီးရဲ့ အတွေးအခေါ် အမြော်အမြင်၊ အစီအမံနဲ့ သဒ္ဓါတရားတွေကြောင့် ပါပဲ။ အခုရေးပြနေတာတွေဟာ ကျွန်တော့်ရင်ထဲက ဖြစ်ပေါ်လာတဲ့ တကယ့်ခံစားချက်တွေပဲ ဖြစ်ပါတယ်။

အခုတော့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ကျွန်တော်တို့ ရခိုင်သားတွေသာမက မြန်မာနိုင်ငံ တစ်ဝန်းက တိုင်းရင်းသားပြည်သူတွေပါ ရာသီမရွေး အသုံးပြုလို့ရနေပါပြီ။ ကျွန်တော်သည်ပင်လျှင် ဒီလမ်းမကြီးပေါ်ကတစ်ဆင့် တံတားအစင်းစင်းကို ကျော်ဖြတ်လို့ ကျောက်ဖြူကို သွားခဲ့ရဖူးပါပြီ။

ကျွန်တော့်အနေနဲ့ အိပ်မက်ပင်မမက်ဖူးခဲ့တဲ့ ဒီရန်ကုန်–ကျောက်ဖြူလမ်းမကြီး ဘယ်လိုပေါ်ပေါက် လာရတာလဲဆိုတာကို စိတ်ဝင်စားခဲ့တာအမှန်ပါ။ ဒါ့ကြောင့် အဲဒီလမ်းကို ဘယ်လိုဖောက်ခဲ့ရတယ်၊ အခက်အခဲတွေ ဘယ်လိုရင်ဆိုင်ခဲ့ရတယ်၊ ဘယ်သူတွေပါဝင်ဖောက်လုပ်ခဲ့တယ်ဆိုတာတွေကို သိချင်တာနဲ့ လမ်းဖောက်၊ တံတားဆောက်ရာမှာ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်အချို့ထံ မေးမြန်းခဲ့ပါတယ်။ အချို့ကိုလဲ ရန်ကုန်–ကျောက်ဖြူ လမ်းဖွင့်ပွဲ အခမ်းအနားပါ သတင်းစာကတစ်ဆင့် လေ့လာသိရှိခဲ့ရပါတယ်။

ရခိုင်ပြည်နယ်အတွင်း ပထမဦးဆုံးဖွင့်လှစ်နိုင်ခဲ့တဲ့ လမ်းမကြီးကတော့ ၅၃၅ မိုင်ရှည်လျားတဲ့ ရန်ကုန်–အမ်း–စစ်တွေလမ်းမကြီးပဲ ဖြစ်ပါတယ်။ အဲဒီလမ်းမကြီး ဖွင့်လှစ်ပြီးတဲ့နောက် မကြာခင်မှာပဲ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို စတင်ဖောက်လုပ်ခဲ့ပါတယ်။ အဲဒီလမ်းမကြီးရဲ့ ကျောက်ဖြူနဲ့ မအီကြားလမ်းပိုင်းမှာ မိုင် ၂၀ ဟာ ရွှံ့နွံထူထပ်တဲ့ ဒီရေတောဖြစ်ပါတယ်။ လမ်းဖောက်၊ တံတား ဆောက်ဖို့ အလွန်ခက်ခဲတဲ့ နေရာဖြစ်ပါတယ်။ ဒါပေမယ့် အခက်အခဲတွေ ကြားကပဲ Geotextile နည်းပညာကိုသုံးပြီး လမ်းဖောက်ခဲ့ရတယ်လို့ သိရပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ဖောက်လုပ်ရာမှာ ပထမအဆင့်အနေနဲ့ တောင်ကုတ်မှ မအီအပိုင်းကို ၂၀၀၀ပြည့်နှစ်က လမ်းအူကြောင်းစတင်တိုင်းတာခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ လမ်းရောတံတားတွေပါ ဖောက်လုပ် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ မအီ–ကျောက်ဖြူလမ်းပိုင်းကို ဖောက်လုပ်ခဲ့ပါတယ်။

ရန်ကုန်–ကျောက်ဖြူကားလမ်းရဲ့ တောင်ကုတ်–ကျောက်ဖြူလမ်းအပိုင်းဟာ မိုင် ၁၂၀ ခန့်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အင်ဂျင်နီယာတွေ၊ တပ်မတော်သားတွေနဲ့ ရခိုင်ပြည်နယ်သားတွေ ကြိုးစားပမ်းစား လေးနှစ်ကျော် အားထုတ်ဖောက်လုပ်ခဲ့ရခြင်း ဖြစ်ပါတယ်။ တံတားတည်ဆောက်ရေးအဖွဲ့တွေက တံတားတွေကို ခဲရာခဲဆစ် ကြိုးစားပမ်းစားတည်ဆောက်ခဲ့ရသလို လမ်းဖောက်လုပ်ရေး အဖွဲ့တွေကလည်း နယ်မြေဒေသအပိုင်းအလိုက် ခက်ခက်ခဲခဲတာဝန်ယူ ဖောက်လုပ်ခဲ့ရတယ်လို့ သိရပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်း လမ်းပြမြေပုံ(မအီ–မင်းကြောင်း–ကျောက်ဖြူ) အပိုင်းကို တွေ့စဉ်။ (သတင်းစဉ်)



လမ်းဖောက်လုပ်ရာမှာ မအီ–စနဲလမ်းအပိုင်းဟာ မိုင်၄၀ခန့်ရှိပြီး ဒီရေတော၊ ဗြုံးတော၊ ရွှံ့နွံတောစတဲ့ အမာခံ မရှိတဲ့အပိုင်းက မိုင်၂၀ ကျော် ပါဝင်နေတဲ့အတွက် အောက်ခြေအမာခံရဖို့ နည်းလမ်းစုံရှာပြီး တီထွင်ကြံဆလုပ်ကိုင်ခဲ့ရပါတယ်။ သာမန်လမ်းဖောက်နည်းအတိုင်း ဖောက်လုပ်၍ မရဘဲ အဆင့်မြင့်နည်းပညာနဲ့ ခေတ်မီလမ်းခင်းပစ္စည်းများကို အသုံးပြုရတဲ့ မြေအားဖြည့်လမ်းခင်းနည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။

အခက်အခဲဆုံးအပိုင်းကတော့ မိုင်၂၀ ရွှံ့နွံတောကို ဖြတ်ဖောက်ရတဲ့လမ်းပိုင်းပဲဖြစ်ပါတယ်။ သာမန်အားဖြင့် မြေကြီးဖို့ပြီး အမာခံထည့်ဖို့ဖြစ်ပေမယ့် လက်တွေ့ကျတော့ မြေဖို့ဖို့ အလွန်ခက်ခဲကြောင်း သိရပါတယ်။ ဒါ့ကြောင့် လမ်းဖောက်လုပ်ရေး ပညာရှင်တွေက Geotextile ဆိုတဲ့ ပိတ်စခင်းပုံစံနဲ့ လမ်းခင်းတဲ့နည်းလမ်းကို တွေ့ရှိခဲ့တယ်လို့ဆိုပါတယ်။ အောက်ခံရွှံ့နွံမြေကိုပြုပြင်ပြီး သူ့အပေါ်က အဲဒီနယ်မှာ ထူးခြားများပြားစွာ ပေါက်တဲ့ဝါးကိုခွဲပြီး ဖြန့်ခင်းပါတယ်။ အဲဒီနောက် အပေါ်က နှစ်ပေထုရှိတဲ့ကျောက်ရောမြေကြီးကို ထပ်လွှာခင်းပါတယ်။ အဲဒီလိုနဲ့ တစ်လွှာချင်း Geotextile နည်းနဲ့ မြေသားခံနိုင်ရည်ရှိတဲ့အထိ ခင်းတယ်လို့သိရပါတယ်။ Geotextile နည်းရဲ့ စွမ်းအင်ကြောင့် လမ်းကတောင့်တင်းခိုင်မာတယ်လို့ သိရပါတယ်။

Geotextile ရဲ့ စွမ်းအင်ဟာ ပထမတစ်ချက်အနေနဲ့ လမ်းရဲ့အလျားလိုက်ပြေးတဲ့အလေးကို ဆန့်ပေးတဲ့အတွက်ကြောင့် မြေကျွံခြင်းကို သက်သာစေတယ်လို့ဆိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အပေါ်က ဖြတ်သွားတဲ့အလေးချိန် Wheel Load ကိုလဲ ဘေးကိုဖြန့်ပေးတဲ့အတွက် လမ်းကျွံခြင်း မဖြစ်ပေါ်စေဘူးလို့ဆိုပါတယ်။

တစ်ခုကံကောင်းသွားတာက လိုအပ်တဲ့ ကြားညှပ်ခင်းမယ့် ဝါးတွေကို အနီးအနားမှာ အလွယ်တကူရတာရယ်၊ ပြီးတော့ လိုအပ်တဲ့ လမ်းခင်းကျောက်ကို အနီးအနားက ပင်လယ်မြစ်လက်တက်ချောင်းဖျားတွေက ရရှိခဲ့တာရယ်ကြောင့်ပဲ ဖြစ်ပါတယ်။

လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှာ ထပ်ပြီး ကြုံရတဲ့နောက် အခက်အခဲတစ်ခုကတော့ ရေချို မရရှိမှုပဲ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းအတွက် ရေချိုရရှိဖို့ လိုအပ်လာပါတယ်။ ရေချိုအတွက် လျှိုပိတ်ပြီး တမံလုပ်ယူရပါတယ်။ မြကျွန်းတောင်တမံကို ဖော်ထုတ်ခဲ့ရပါတယ်။ ပြီးတော့ မြေတူးပြီး ပေ ၂၀၀ ပတ်လည် ရေကန်တွေကို တူးကြရပါတယ်။ တစ်ကန်မှာ ရေဂါလန် တစ်သန်းဆန့်တဲ့ ကန် ၁၀ ကန် တူးခဲ့ပြီး ရေဂါလံ ၁၀သန်း စုဆောင်းနိုင်ခဲ့ပါတယ်။ မြကျွန်းတောင်ရေလှောင်တမံနဲ့ဆိုရင် ရေချိုဂါလန် သန်းပေါင်း၇၀ကျော် စုဆောင်းနိုင်ခဲ့ပါတယ်။ ဒီလိုရေချိုတွေစုဆောင်းနိုင်ခဲ့လို့ လမ်းလုပ်ငန်းအတွက်အပြင် ဒေသခံပြည်သူတွေအတွက်ပါ ရေချိုရရှိခဲ့ပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ဖြစ်ပေါ်လာဖို့ တွေ့ကြုံဖြတ်ကျော်ခဲ့ရတဲ့ အခက်အခဲတွေဟာ ကြမ်းတမ်း ခက်ထန်လွန်းလှပါတယ်။ ဒီအခက်အခဲတွေကိုမမှုဘဲ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့ ဆောက်လုပ်ရေးဝန်ထမ်းများရဲ့ စွမ်းပကားကိုလဲ အထူးပဲချီးကျူးဂုဏ်ပြုရမှာ ဖြစ်ပါတယ်။

ယခုအခါမှာ ကျွန်တော်တို့တစ်တွေဟာ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကတစ်ဆင့် ကျောက်ဖြူနဲ့ ရန်ကုန်ကို အလွယ်တကူ ကူးလူးသွားလာနိုင်ကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်က ရခိုင်သားအတော်များများဟာ အသက်အရွယ်သာကြီးသွားပေမယ့် ရခိုင်ရိုးမကြီးကိုကျော်လွန်ပြီး အခြားပြည်နယ်၊တိုင်းကမြို့တွေကို မရောက်ဖူးသူတွေ အတော်များများကို ရှိနေပါတယ်။

ကမ္ဘာမှာထင်ရှားတဲ့ ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ချင်ပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖူးမျှော်ခွင့်မရခဲ့ကြပါဘူး။ အခုတော့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးရဲ့ကျေးဇူးကြောင့် ရခိုင်ရိုးမကိုကျော်ပြီး အခြားပြည်နယ်နဲ့ တိုင်းတွေက သွေးချင်းတွေဆီ ရာသီမရွေး သွားလာလို့ရပါပြီ။ မေးကြည့်ပါ၊ ရန်ကုန်–ကျောက်ဖြူလမ်းကြီးပေါ်ထွန်းလာလို့ ရခိုင်သားတွေ ဘယ်လောက်ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရတယ်ဆိုတာကို။ ဒါတွေဟာ ကျွန်တော်နဲ့ ထပ်တူခံစားရတဲ့ ရခိုင်သားတွေရဲ့ ဝမ်းသာကြည်နူးမှုတကယ့်ဖြစ်ရပ်တွေပါ။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးတွေကို ဖောက်လုပ်ပြီး ကုန်းလမ်းကြောင်းများ ပွင့်အောင် ဆောင်ရွက် ပေးနေတာဟာ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတွေ သွားရေးလာရေးလွယ်ကူပြီး စီးပွားကုန်သွယ်မှုလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နိုင်ကြဖို့၊ စီးပွားရေးအခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာပြီးဝင်ငွေတိုးလာစေဖို့၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးဆိုင်ရာအခြေအနေတွေမြင့်မားလာစေဖို့ဆိုတဲ့ နိုင်ငံတော်နဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ မွန်မြတ်တဲ့စေတနာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွက် ဖောက်လုပ်ပေးခဲ့တဲ့ ရန်ကုန်–စစ်တွေ **ကားလမ်းကိုပဲကြည့်ကြည့်၊ ရန်ကုန်–ကျောက်ဖြူ ကားလမ်းကိုပဲကြည့်ကြည့် အဲဒီလမ်းတွေဟာ သာမန်စေတနာမျိုး၊ သာမန် အားထုတ်မှုမျိုးနဲ့ လုပ်ကိုင်တည်ဆောက်လို့ မဖြစ်နိုင်တဲ့လမ်းတွေဖြစ်ကြောင်း သိသာထင်ရှားလှပါတယ်။ ကျောက်ဖြူ၊ ရမ်းဗြဲမှ ရန်ကုန်ကို လမ်း၊ တံတားတွေဖောက်လုပ်တည်ဆောက်ပြီး မော်တော်ကားနဲ့ သွားဖို့၊ လာဖို့ ဆိုတာ ခေတ်အဆက်ဆက် အိပ်မက်ပင်မမက်ရဲခဲ့ကြပါဘူး။**

ရခိုင်ရိုးမတောင်တန်းနဲ့ ဘင်္ဂလားပင်လယ်အော်အကြားမှာ တည်ရှိတဲ့ မြစ်တွေ၊ချောင်းတွေ၊ နွံအိုင်တွေပေါတဲ့ ကမ်းရိုးတန်းကမ်းမြောင်ဒေသတစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ အခြေခံလမ်းမကြီးတွေ ဖောက်လုပ်လိုက်တဲ့အတွက် အမ်းထွက်ပေါက်၊ တောင်ကုတ်ထွက်ပေါက်နှင့် ဂွထွက်ပေါက်တို့ဟာ ပြည်နယ်ရဲ့အမှန်တကယ် အားကိုးရတဲ့ ကုန်းလမ်းထွက်ပေါက်ကြီးတွေအဖြစ် အဆက်အစပ်ရှိရှိ ပြောင်းလဲရပ်တည်သွားပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ရွှံ့နွံတော၊ ဒီရေတော၊ မြေရိုင်းတောတွေကိုဖြတ်သန်းပြီး ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးကို ဖောက်လုပ်ခဲ့တဲ့အတွက် လမ်းမကြီးရဲ့ ဝဲယာတစ်လျှောက်မှာ စိုက်ပျိုးမြေသစ်တွေ၊ မွေးမြူရေးအတွက် ကန်နှင့် ခြံမြေနေရာသစ်တွေ ပေါ်ထွက်လာတဲ့အပြင် ရမ်းဗြဲကျွန်းနဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်လိုတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက်လည်း လမ်းပန်းဆက်သွယ်မှုအရ အခွင့်အလမ်းတွေ ပွင့်သွားစေမှာ အမှန်ပဲဖြစ်ပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးရဲ့ တောင်ကုတ်–ကျောက်ဖြူလမ်းပိုင်းမှာ ပေ ၁၈၀ နဲ့အထက် တံတား ၁၃ စင်းဖြစ်တဲ့ ကိုင်းရှည်တံတား၊ တန်းလွှဲတံတား၊ လမူးတံတား၊ မအီတံတား၊ ကျောက်ကြီး

စံကျော်

ပေါက်တံတား၊ စနဲပေါက်တံတား၊ လ
တံတား၊ သံသမကြီးတံတား၊ သံသမ
တံတား၊ ဝမ်ဖိုက်တံတား၊ မင်းကြော
ဆောက်ခဲ့ပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်းမ
မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်း
ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်

မင်းကြောင်းချောင်းတံတားဖွ
ကျောက်ဖြူ၊ ရန်ကုန်–ရမ်းဗြဲ မော်
ဆွဲလို့နေပါပြီ။

**အိပ်မက်ပင်မမက်ရဲတဲ့၊ မဖြစ်
ကျောက်ဖြူလမ်းမကြီးဟာ တိုင်းရင်းသာ
ထင်ထင် ပေါ်ထွက်လာပါပြီ။ ဒီလမ်း
ပါပြီ။**

**တကယ်တော့ ရန်ကုန်–ကျေ
ပြည်နယ်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေ
တွေအတွက် ကူးလူးဆက်နွယ် ချစ်
လမ်းမကြီးပဲ ဖြစ်ပါတယ်။ ရန်ကုန်–
လာတဲ့အတွက် ယခင်က ရေခြားမြေ
ရမ်းဗြဲဒေသက ပြည်သူတွေဟာ ကုန်
ချောမွေ့စွာ ခရီးဆန့်သွားလာနိုင်ကြပ**

မင်

...ထောင်စုလမ်းမကြီး

စံကျော်သာ

ပေါက်တံတား၊ စနဲပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ ဒီးဒုတ်တံတား၊ သံသမကြီးတံတား၊ သံသမချေ တံတား၊ သဇင်တန်ပေါက်တံတား၊ ဝမ်ဖိုက်တံတား၊ မင်းကြောင်းချောင်းတံတားတွေကို တည်ဆောက်ခဲ့ပါတယ်။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲနဲ့အတူ ကျင်းပတဲ့ မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ပါတယ်။

မင်းကြောင်းချောင်းတံတားဖွင့်လှစ်တဲ့နေ့ကစလို့ ရန်ကုန်–ကျောက်ဖြူ၊ ရန်ကုန်–ရမ်းဗြဲ မော်တော်ယာဉ်လိုင်းတွေ စတင်ပြေးဆွဲလို့နေပါပြီ။

အိပ်မက်ပင်မမက်ရဲတဲ့၊ မဖြစ်နိုင်ဘူးလို့ ယူဆခဲ့တဲ့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ရှေ့မှာ မျက်ဝါးထင်ထင် ပေါ်ထွက်လာပါပြီ။ ဒီလမ်းမကြီးကို စတင်အသုံးပြုလို့နေပါပြီ။

တကယ်တော့ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဟာ ရခိုင်ပြည်နယ်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းတွေက ညီအစ်ကို တိုင်းရင်းသားတွေအတွက် ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်နိုင်တဲ့ ပြည်ထောင်စုလမ်းမကြီးပဲ ဖြစ်ပါတယ်။ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ပေါ်ထွက်လာတဲ့အတွက် ယခင်က ရေခြားမြေခြားဖြစ်နေကြတဲ့ ကျောက်ဖြူ၊ ရမ်းဗြဲဒေသက ပြည်သူတွေဟာ ကုန်းလမ်းခရီးနဲ့ နိုင်ငံအနှံ့လွယ်ကူချောမွေ့စွာ ခရီးဆန့်သွားလာနိုင်ကြပါပြီ။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဟာ တောင်ကုတ်တောင်ကြားလမ်းကတစ်ဆင့် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းကိုရော၊ ဂွ–ငသိုင်းချောင်းထွက်ပေါက်ကတစ်ဆင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတွေဆီကိုပါ ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်း ဆက်ပေးနိုင်တဲ့အတွက် နေပြည်တော်–မကွေး–ကျောက်ဖြူလမ်း၊ တောင်ငူ–ပြည်–ကျောက်ဖြူလမ်း၊ ပုသိမ်–ကျောက်ဖြူလမ်းစတဲ့ ဒေသအားလုံးနဲ့ ဆက်စပ်အကျိုးဝင်တဲ့ ပြည်ထောင်စုလမ်းမကြီးအဖြစ် တည်ရှိသွားပြီဖြစ်ပါတယ်။ ဘိုးစဉ်ဘောင်ဆက်ကတည်းက ရေလမ်းကိုသာ အားကိုးနေခဲ့ကြရတဲ့ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နဲ့ ကျွန်းပေါ်ရှိ ကျေးရွာပေါင်း ၄၈၀ မှာ နေထိုင်ကြတဲ့ ညီအစ်ကို တိုင်းရင်းသား သုံးသိန်းကျော်ဟာ ကုန်းလမ်းထွက်ပေါက်ကြီးကို ခိုင်ခိုင်မာမာရရှိသွားပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ၄၅မိုင်ခန့်ရှိတဲ့ မအီ–အမ်းကားလမ်းကိုလည်း တစ်ပါတည်း ဆက်စပ်ဖောက်လုပ်ပြီး ဖြစ်တဲ့အတွက် အမ်း–မအီ–တောင်ကုတ်လမ်း၊ အမ်း–မအီ–ကျောက်ဖြူလမ်းတို့မှတစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းတို့ကို လွယ်လွယ်ကူကူ ဆက်စပ်သွားလာနိုင်ကြပြီဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီး ဆက်စပ်ပေါ်ထွန်းလာခြင်းပဲ ဖြစ်ပါတယ်။

တပ်မတော် အစိုးရလက်ထက်မှာ တိုင်းရင်းသားပြည်သူများရဲ့အကျိုးစီးပွားကို ရှေးရှုလို့ နိုင်ငံတော်က လမ်းတံတားတွေကို ဦးစားပေးဖောက်လုပ် တည်ဆောက်ပေးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်အတွင်း လမ်းမိုင်ပေါင်း ၁၃၆၃၅ မိုင်ရှိရာကနေ ယခုအခါ မိုင် ၁၉၀၂၁ ရှိလာတဲ့အတွက် ၅၃၈၆ မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တံတားကြီးတွေအနေနဲ့ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီး နှစ်စင်း၊ သံလွင်မြစ်ကူးတံတားကြီး ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားကြီး တစ်စင်း အပါအဝင် ပေ ၁၈၀ အထက်မြစ်ကူးချောင်းကူးတံတားကြီးပေါင်း ၂၁၆ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါတွေဟာ ဘယ်ခေတ်၊ ဘယ်ကာလကမျှ မရှိဖူး၊ မကြုံဖူးတဲ့ တိုးတက်အောင်မြင်မှု အသီးအပွင့်တွေပဲ ဖြစ်ပါတယ်။ အဲဒီ အောင်မြင်မှု အသီးအပွင့်တွေထဲမှာ အိပ်မက်လမ်းမကြီးတွေလဲ အများအပြား ပါဝင်ပါတယ်။

အဲဒီလမ်းမကြီးတွေထဲက ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကတော့ မည်သူမျှအိပ်မက်ပင်မမက်ခဲ့ဖူးတဲ့ ကျွန်တော်တို့ ရခိုင်သားတွေအပါအဝင် ညီအစ်ကိုတိုင်းရင်းသားအားလုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးမှုကို အကျိုးပြုဖို့အတွက် ထူးခြားစွာပေါ်ထွန်းလာတဲ့ ပြည်ထောင်စုလမ်းမကြီးပဲဖြစ်ပါတော့တယ်။ ။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးတွေကို ဖောက်လုပ်ပြီး ကုန်းလမ်းကြောင်းများပွင့်အောင် ဆောင်ရွက်ပေးနေတာဟာ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတွေ သွားရေးလာရေးလွယ်ကူပြီး စီးပွားကုန်သွယ်မှု လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နိုင်ကြဖို့၊ စီးပွားရေးအခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာပြီး ဝင်ငွေတိုးလာစေဖို့၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးဆိုင်ရာ အခြေအနေတွေ မြင့်မားလာစေဖို့ဆိုတဲ့ နိုင်ငံတော်နဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ မွန်မြတ်တဲ့စေတနာတွေကြောင့်ပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွက် ဖောက်လုပ်ပေးခဲ့တဲ့ ရန်ကုန်–စစ်တွေ ကားလမ်းကိုပဲကြည့်ကြည့်၊ ရန်ကုန်–ကျောက်ဖြူ ကားလမ်းကိုပဲ ကြည့်ကြည့် အဲဒီလမ်းတွေဟာ သာမန်စေတနာမျိုး၊ သာမန် အားထုတ်မှုမျိုးနဲ့ လုပ်ကိုင်တည်ဆောက်လို့ မဖြစ်နိုင်တဲ့ လမ်းတွေဖြစ်ကြောင်း သိသာထင်ရှားလှပါတယ်။ ကျောက်ဖြူ၊ ရမ်းဗြဲမှ ရန်ကုန်ကို လမ်း၊ တံတားတွေဖောက်လုပ်တည်ဆောက်ပြီး မော်တော်ကားနဲ့ သွားဖို့လာဖို့ဆိုတာ ခေတ်အဆက်ဆက် အိပ်မက်ပင်မမက်ရဲခဲ့ကြပါဘူး။

မင်းကြောင်းချောင်းတံတားဖွင့်ပွဲနေ့က ရန်ကုန်–ကျောက်ဖြူလမ်းမကြီးတစ်နေရာကို တံတားကြီးနှင့်အတူ ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

အဖျက်စိတ်ဓာတ်ရှိသူများ၏လုပ်ရပ်များ အားမကောင်းအောင် အပြုစိတ်ဓာတ်ရှိသူများ၏ စွမ်းအားဖြင့် ကာကွယ် အနောက်မျှော်စိတ်ဓာတ်များကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဆေးကြောပစ်ကြရမည် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၆

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရောဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က အမှာစကားပြောကြားရာတွင် မိမိတို့ ရောဝတီတိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံပြည်သူများ လက်တွေ့ကျကျ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ ရောဝတီတိုင်းအနေဖြင့် စိုက်ပျိုးမြေဧက နှစ်သိန်းနီးပါးတိုးတက်လာသည်နှင့်အမျှ မိုးစပါးဧက ၃၆ သိန်းကျော်နှင့် နွေစပါးဧက ၁၆သိန်းကျော်တို့ အထွက်တိုးအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရောဝတီတိုင်းသည် တစ်နိုင်ငံလုံးစပါးစိုက်ဧက၏ ၂၉ ရာခိုင်နှုန်းဖြစ်၍ စပါးတင်း သန်း၃၈၄သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ဝမ်းစာဖူလုံမှုတွင် ၂၉၆ ရာခိုင်နှုန်းရှိကြောင်း၊ ရောဝတီတိုင်း၏ လူဦးရေ ၇၅ သိန်းကျော်ကို ဝလင်အောင်ကျွေးနိုင်သည့်အပြင် ပိုလျှံစပါးများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယင်းသို့ စပါးအထွက်တိုးအောင် နိုင်ငံတော်က ကြံခင်းမြို့နယ်တွင် ဧက ၂၁၀၀၀ အကျိုးပြုသည့် ကွမ်းချောင်းရေလှောင်တမံ၊ မြန်အောင်မြို့နယ်တွင် ဧက၁၀၀၀၀ အကျိုးပြုသည့် မမြရေလှောင်တမံနှင့် အင်္ဂပူမြို့နယ်တွင် ဧက ၂၅၀၀၀ အကျိုးပြုသည့် ကညင်ရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် စပါးတင်းသန်း ၄၀၀အထိ ထွက်ရှိလာမည်ဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်း

ညောင်တုန်းမြို့နယ်တွင် ဧက၂၀၀၀၀စီအကျိုးပြုသည့် ပန်းလှိုင်ရေထိန်းတံခါးနှင့် မဲဇလီရေထိန်းတံခါး၊ အင်္ဂပူမြို့နယ်တွင် ဧက၁၄၀၀၀ အကျိုးပြုသည့် နန်ကသူရေလှောင်တမံ၊ မအူပင်မြို့နယ်တွင် ဧက၁၅၀၀၀ အကျိုးပြုသည့် ဝါးတောရေထိန်းတံခါးနှင့် ထနီးရေထိန်းတံခါးစသည်ဖြင့် မြစ်ရေတင် စီမံကိန်း ၂၃ခု ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အသစ်ထပ်မံတည်ဆောက်

ကျန်းမာရေးကဏ္ဍအနေဖြင့် ရောဝတီတိုင်းအတွင်း ဆေးရုံ၁၃ခု အသစ်ထပ်မံတည်ဆောက်ပေးနိုင်ခဲ့၍ ယခုဆိုလျှင် တိုင်းအတွင်း ဆေးရုံ ၇၈ခု ရှိနေပြီဖြစ်ကြောင်း။

ပညာရေးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အခြေခံပညာကျောင်းပေါင်း ၆၅၁၈ ကျောင်းအထိ ဖွင့်လှစ်ပေးထားပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကျောင်းပေါင်း ၁၃၂၉ ကျောင်း တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့အပြင် အဆင့်မြင့်ပညာကဏ္ဍ၌လည်း ယခုဆိုလျှင် ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်အပါအဝင် နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ ၁၃ ခု ရှိနေပြီဖြစ်ကြောင်း၊ ဤသို့တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့် မိမိတို့၏ ရောဝတီတိုင်းလူငယ်များ အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်၍ ရောဝတီတိုင်း၏ကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ဘက်စုံထောင့်စုံနှောင့်ယှက်

ယခုကဲ့သို့အဘက်ဘက်က တိုးတက်ခြင်းကိုမနာလိုမရှုဆိတ်ဖြစ်ပြီး နိုင်ငံကြီးအချို့က ဦးဆောင်ဖိအားပေးကာ မြန်မာနိုင်ငံ၌ စီးပွားရေးအရင်းအနှီးများ မလုပ်ရန် အကူအညီအထောက်အပံ့များ မပေးရန် အမျိုးမျိုးအကြောင်းပြကာ မြန်မာနိုင်ငံကြီး မဖွံ့ဖြိုး မတိုးတက်အောင် ဘက်စုံထောင့်စုံက နှောင့်ယှက်လျက်ရှိကြောင်း၊ အုပ်ချုပ်သူများမတော်ကြောင်း၊ စီမံခန့်ခွဲမှုညံ့ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိကြောင်း စွပ်စွဲလျက်ရှိကြောင်း။

အတိုင်း မိမိတို့အမျိုးသမီးရေးရာအဖွဲ့အပါအဝင် NGO မောင်နှမများဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် ခိုင်ခိုင်မာမာ စည်းစည်းလုံးလုံး ရှိနေကြရေးသည်သာ အဓိကအကျဆုံးဖြစ်ကြောင်း။

ရည်မှန်းချက်တာဝန်

မိမိတို့ ရောဝတီတိုင်းတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့တစ်ဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ငါးဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ၂၆ ဖွဲ့၊ မြို့နယ်ခွဲအမျိုးသမီးရေးရာအဖွဲ့ ခုနစ်ဖွဲ့နှင့် ရပ်ကွက်ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ ၂၁၄၇ဖွဲ့ ဖွဲ့စည်းကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် အဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဦးရေ ၂၅၄၇၇၀ ရရှိနေပြီဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အရည်အသွေး မြင့်မားအောင် စည်းရုံးရေးအခြေခံ သင်တန်းနှင့် အခမ်းအနားမှူး သင်တန်းတို့ကို ရောဝတီတိုင်းတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အထွေထွေ စကားဝိုင်းကို အမျိုးသမီး၁၉၀၃ဦးဖြင့် ၃၉ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း။

ကျောင်းအပ်နှံရေးနေ့တွင် ပညာရေးဌာန၊ NGO များနှင့် ပူးပေါင်းကာ စာရေးကိရိယာ ထောက်ပံ့ခြင်းတို့ကို ပြုလုပ်နိုင်ပြီး ပညာသင်ကြားနေသော ကျောင်းသား ၃၉၆၁ ဦးအား ငွေကျပ် ၄၀၃၀၈၅၀ ကို ပညာသင်စရိတ်အဖြစ် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ရောဝတီတိုင်းအတွင်း ပညာထူးချွန်သူ ၅၄၂ ဦးအား ငွေကျပ် ၁၀၅၆၆၅၀ ကို ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့ကြောင်း၊ စေတနာ့ပညာကျောင်းနှင့် သက်ကြီးစာဖတ်ဝိုင်း၊ စာသင်ဝိုင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ကျောင်းပြင်ပမူလတန်းပညာရေး (NFP)တွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ (သာပေါင်း)

ရောဝတီတိုင်း သာပေါင်းမြို့နယ်ရှိ တစ်နေ့ တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ (သာပေါင်း) ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

နိုင်ငံတော်၌ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ရောဝတီတိုင်းအတွင်း စက်မှုစီးပွား တိုးတက်လာအောင် ပုသိမ်စက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်တို့မှ လယ်ယာသုံးစက်ကိရိယာများအပြင် စက်မှုလက်မှုပစ္စည်းများကို ထုတ်လုပ်သုံးစွဲနေကြောင်း၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ မြောင်းမြဂုန်နီစက်ရုံ၊ ပုသိမ်အထပ်သားစက်ရုံနှင့် သာပေါင်းမြို့နယ် တန် ၂၀၀ ပျော့ဖတ်စက်ရုံများသည် ဒေသထွက် လူမှုစီးပွားရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

တင်ပို့ရောင်းချ

ရောဝတီတိုင်းတွင် ငါးမွေးကန်ဧက ၁၀၃၀၀၀ရှိပြီး ထုတ်လုပ်မှု ပိဿာမှာ ၁၆၃ဒသမ၄ သန်းဖြစ်ကြောင်း၊ ပုစွန်မွေးမြူမှုဧကမှာ ၅၆၈၅၅ဒသမ၄၅ ဖြစ်ပြီး ထုတ်လုပ်မှုပိဿာမှာ ၄၄ဒသမ၆ သန်း ဖြစ်ကြောင်း၊ ရောဝတီတိုင်းအတွက် ရေလုပ်ငန်းမှာ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဥ့်များကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဒေသခံပြည်သူများ စီးပွားတိုးတက်ပြီး အမျိုးသမီးများသည် အလုပ်အကိုင်များ ရရှိသဖြင့် အလုပ်လက်မဲ့နည်းပါးခြင်းကြောင့် လူကုန်ကူးခံရသူ အမျိုးသမီးများ မရှိသလောက် နည်းပါးခဲ့ကြောင်း။

မိမိတို့ ရောဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်နှင့်အညီ မြစ်ချောင်းများပြားသည့်အတွက် ခေတ်အဆက်ဆက် ရေလမ်းကိုသာ အားကိုးသွားလာခဲ့ရသည်ကို အားလုံးအသိဖြစ်ကြောင်း၊ တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်အချိန်တွင် ပေ ၁၈၀အထက် မြစ်ကူးတံတားကြီး ခြောက်စင်းနှင့် တံတားငယ်အမြောက်အမြားတည်ဆောက်ပေးပြီး လမ်းများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့ခြင်းကြောင့် လမ်းပန်းချောမွေ့အဆင်ပြေလျက်ရှိကြောင်း၊ ဒေသထွက်ကုန်များကို အလျင်အမြန် စရိတ်သက်သာစွာ ပေးပို့နိုင်၍ ဒေသစီးပွားရေးတိုးတက်နေကြောင်း၊ ဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီး တစ်ပြိုင်နက် တိုးတက်လျက်ရှိကြောင်း။

ရောဝတီတိုင်း၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ သိသိသာသာတိုးတက်ပြီး ရာဇဝတ်မှုခင်းများလျော့နည်းကာ အေးချမ်းသာယာလျက်ရှိခြင်းကြောင့် အဆိုပါစွပ်စွဲချက်များ မမှန်ကန်ကြောင်း ထင်ထင်ရှားရှား သိသာနိုင်ကြောင်း။

လုံးဝမမှန်ကန်

ရောဝတီတိုင်း၏ လူဦးရေ ၇၅ သိန်းခန့်ရှိပြီး ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးတို့ နေထိုင်လျက်ရှိရာ ကရင်လူမျိုး မှာ ၁၅ သိန်းကျော်ရှိသဖြင့် တိုင်းရင်းသားများထဲတွင် ဗမာပြီးလျှင် ကရင်လူမျိုးသည် ဒုတိယအများဆုံးနေထိုင်လျက်ရှိကြောင်း၊ ရောဝတီတိုင်း၌ ရှိသည့် လူမျိုးများသည် တိုင်း၏ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တူတူညီညီ ရရှိခံစားလျက်ရှိနေကြသည်ကို အားလုံးသိမြင်နေကြကြောင်း၊ ပြည်ပရောက်အဖွဲ့အစည်းများနှင့် နိုင်ငံကြီးအချို့က လူမျိုးစုတိုင်းရင်းသားများကို မျိုးသုဉ်းစစ်ဆင်ရေးများပြုလုပ်နေကြောင်း စွပ်စွဲနေသည်ကို ကြားသိရကြောင်း၊ လူမျိုးစုအများဆုံးနေထိုင်သည့် ကရင်လူမျိုးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ဘာသာယဉ်ကျေးမှုတို့ကိုလည်း လွတ်လပ်စွာဆောင်ရွက်ခွင့်များရှိပြီး တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာနေထိုင်ကြသည်ကို အားလုံးတွေ့ရှိကြရကြောင်း၊ ထို့အပြင် ကရင်တိုင်းရင်းသားများသည် ဌာနဆိုင်ရာများ၊ NGO အသင်းအဖွဲ့များတွင် မိမိတို့၏ဆန္ဒအလျောက် လွတ်လပ်စွာပါဝင်ခွင့်များရရှိခဲ့ကြသဖြင့် တိုင်းရင်းသားလူမျိုးများကို ကန့်သတ်ချုပ်ချယ်မှု တစ်စုံတစ်ရာမရှိပါကြောင်း၊ လူမျိုးရေးအရ ခွဲခြားမှုမရှိပါကြောင်း၊ စွပ်စွဲချက်များ လုံးဝမမှန်ကန်ကြောင်း ပြောကြားလိုကြောင်း။

အဖျက်စိတ်ဓာတ်ရှိသူများ၏ အဖျက်လုပ်ရပ်များ အားမကောင်းအောင် အပြုစိတ်ဓာတ်ရှိသူများ၏ စွမ်းပကားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ အမေကျော်ဒွေးတော်လွမ်းချင်သူများ၏ အနောက်မျှော်စိတ်ဓာတ်များကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များနှင့် ဆေးကြောပစ်ကြရမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ဆောင်ပုဒ်

ကျန်းမာရေးစောင့်ရှောက်မှု

ကျန်းမာရေး ပညာပေးဟောပြောပွဲများကို ၃၀၁၁ ကြိမ် ပြုလုပ်နိုင်ပြီး ၁၇၉၅၉၁ ဦးတက်ရောက်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၊ NGO များနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ဆွေးနွေးပွဲကို ပုသိမ်မြို့ “ရောရွှေဝါ”ခန်းမ၌ ၃-၁၁-၂၀၀၅ မှ ၄-၁၁-၂၀၀၅ အထိ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။

အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်နိုင်ရေး ပညာပေးဟောပြောပွဲနှင့် ဥပဒေရှင်းလင်းပွဲကို ၇၂၇ ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပြီး အမျိုးသမီး ၁၀၃၁၆၆ ဦးအား ဟောပြောနိုင်ခဲ့ကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ရန် ရောဝတီတိုင်းနှင့် ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံခရိုင်တို့တွင် နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီး ၃၉၄၈ ဦးအား စက်ချုပ်သင်တန်း၊ မုန့်လုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး အလုပ်လက်မဲ့ဖြစ်နေသော အမျိုးသမီး ၂၀၉ ဦးအား ဆန်စက်၊ အုန်းဆံကြိုးကျစ်စက်၊ ဖျာရက်လုပ်ငန်း၊ အိုးလုပ်ငန်းတို့တွင် အလုပ်အကိုင်များ ရှာဖွေပေးခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အမျိုးသမီး ၁၄၂၆ဦးအား ငွေကျပ် ၁၀၅၈၉၀၀၀ကို ထုတ်ချေးနိုင်ခဲ့ကြောင်း၊ ခေါင်းခွံအသားပိုပါသူ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ လက်နှစ်ဖက်ပြတ် အင်္ဂါမပြည့်စုံသူ၊ မျက်စိဝေဒနာရှင် ၁၅၉ဦးကို ကူညီစောင့်ရှောက်မှုများပေးနိုင်ခဲ့ကြောင်း။

အသိပညာပေးဟောပြော

အမျိုးသမီးငယ်ရွယ်သူများ လွဲမှားသော အယူအဆများ အသိပညာပေးဟောပြောခြင်းကို ၄၄၇ ကြိမ်တွင် ၄၉၇၄၂ဦးအား ဟောပြောနိုင်ခဲ့ကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

7-7 (10).p65 1 1/9/32, 8:47 PM

စာမျက်နှာ ၅ မှ

ကျေးရွာသုံး ထင်းစိုက်ခင်း၊ စက်မှုကုန်ကြမ်း စိုက်ခင်းနှင့် ရေဝေရေလဲ စိုက်ခင်းတို့ ပါဝင်ကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ကြိုးဝိုင်း သစ်တော ၂၀၄၄ စတုရန်းမိုင်ရှိပြီး ကြိုးပြင်ကာကွယ်တော ရှစ်စတုရန်းမိုင် ရှိကြောင်း။

အထက်တွင် မိမိတင်ပြခဲ့သကဲ့သို့ အခြေခံကျသော ကျေးလက်နေပြည်သူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်နှင့်အညီ ဆောင်ရွက်ပေးခဲ့သလို ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ရနေပြီဖြစ်သည့် မိမိတို့၏ ပဲခူးတိုင်း(အနောက်ပိုင်း)သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော်က ချမှတ်သည့် ရေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ရေးကို အစဉ်တစိုက် ရှေ့ဆက်ချီတက်နေသည့် တိုင်းခွဲတစ်ခု ဖြစ်ကြောင်း။

လုပ်ကြံစွပ်စွဲပြောဆို

သို့သော် ယခုကာလများတွင် အင်အားကြီးနိုင်ငံတချို့၏ သြဇာခံ ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် NGOအမည်ခံပြည်ပြေး သောင်းကျန်းသူများက မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိသည့် အချက်များနှင့် လုပ်ကြံစွပ်စွဲပြောဆိုနေကြောင်း၊ နိုင်ငံရေး အကျဉ်းသားများနှင့် နိုင်ငံရေး ဖိနှိပ်ခြင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ မူးယစ်ဆေးဝါးစသည့် လုပ်ကြံစွပ်စွဲချက်များနှင့် ပြည်တွင်း အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှု မရှိကြောင်း၊ စွပ်စွဲချက်များ အမျိုးမျိုးဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူပေးရန် နည်းအမျိုးမျိုးနှင့် ဆောင်ရွက်နေပြန်ကြောင်း ကြားသိနေရကြောင်း၊ ယင်းကဲ့သို့ စွပ်စွဲချက်အမျိုးမျိုးဖြင့် ပိတ်ဆို့အရေးယူနေလျှင် ဒီမိုကရေစီနိုင်ငံ ထူထောင်ခွင့်မရအောင်၊ နှောင့်နှေးကြန့်ကြာအောင် ဆောင်ရွက်လျက်ရှိနေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု အဖြစ်မှန်၊ အခြေအနေမှန်များကို မျက်ကွယ်ပြုရာ ရောက်နေကြောင်း။

တကယ်တမ်းပြောရလျှင် မိမိတို့ ပဲခူးတိုင်း(အနောက်ပိုင်း)တွင် လက်နက်ကိုင် သောင်းကျန်းခဲ့သည့် ပဲခူးရိုးမ သောင်းကျန်းသူ ဗကပများ ချုပ်ငြိမ်းသည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ ဒေသတွင် တည်ငြိမ်အေးချမ်းမှုရှိပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့ တိုးတက်မှုများရရှိလာသည့်အတွက် ယင်းတို့ စွပ်စွဲပြောဆိုနေသည့် လူကုန်ကူးမှုအပါအဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု HIV/AIDS ရောဂါကူးစက်ပြန့်ပွားမှုများ လုံးဝမရှိသလောက် ရှားပါးကြောင်း ထပ်လောင်း ပြောကြားလိုကြောင်း။

စိုးရိမ်ပူပန်မိ

ကမ္ဘာ့ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီနှင့် ILOဟုခေါ်သည့် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းတို့၏ အရှိန်အဝါကြီးမားမှုကို တစ်လွဲအသုံးချလိုသူများ၏ လုပ်ကြံဖန်တီးမှုများကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စရပ်များအပေါ် ပိတ်ဆို့ဟန့်တားမှုများ ရှိလာခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး ပြေလည်ကောင်းမွန်မှု မရှိအောင် ခြိမ်းခြောက် ဆောင်ရွက်လာခဲ့မည်ဆိုလျှင် စီးပွားရေးဖွံ့ဖြိုးမှုများ ရပ်တန့်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလာမည်ဖြစ်၍ အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးခံရသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ လက်ရှိတည်ငြိမ်အေးချမ်းနေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ပျက်စီးယိမ်းယိုင်သွားမည်ကို ပြည်သူလူထုနှင့် မိမိတို့ အမျိုးသမီးထုတစ်ရပ်လုံးက စိုးရိမ်ပူပန်မိပါကြောင်း။

ယင်းသို့ တားမြစ်ပိတ်ဆို့မှုများကြောင့် ပင်မလုပ်ငန်းများအပြင် ဆက်နွှယ်နေသော လုပ်ငန်းများပါ ယုတ်လျော့ကျဆင်းခဲ့ပြီး မြန်မာအမျိုးသမီးအလုပ်သမားများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အတွက် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်က မြန်မာအမျိုးသမီး အလုပ်သမားများအတွက် နည်းလမ်းများ ရှာကြံဖြေရှင်းပေးရန် လိုအပ်နေကြောင်း၊ မိမိတို့ တိုင်းအတွင်း၌ နေထိုင်ကြသည့် အမျိုးသမီးထုတစ်ရပ်လုံးကိုယ်စား ပြောကြားလိုသည်မှာ အင်အားကြီးနိုင်ငံအချို့နှင့် ဆန့်ကျင်သည့် အခြားသော NGOအဖွဲ့အစည်းများက မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိဘဲ လုပ်ကြံစွပ်စွဲပြောဆိုချက်များကို ကန့်ကွက်ကြောင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် ကမ္ဘာ့အလုပ်သမားအဖွဲ့အစည်းများက အဖြစ်မှန်ကို သိရှိပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးပါဟု တင်ပြလိုကြောင်း။

မဟုတ်မမှန်စွပ်စွဲ

မိမိတို့ မြန်မာလူမျိုးများသည် ထက်မြက်ပြီး ရိုးသားကြိုးစားစိတ်နှင့် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည့် လူမျိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းကြောင့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှု ရည်မှန်းချက် အောင်မြင်အောင် ကြိုးစားကြရန် တာဝန်ရှိသကဲ့သို့ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကို အခြားသောနိုင်ငံများထက် ပိုပြီးအောင်မြင်အောင် ကြိုးစား ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် တောင်းဆိုချက်ဆိုသည့် ခေါင်းစဉ်တပ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ သမာဓိကို မထောက်ထားဘဲ မဟုတ်မမှန် စွပ်စွဲချက်များသည် ကိုယ်လိုရာ ဆွဲငင်ထင်ဟပ် ဖော်ပြချက်များသာဖြစ်ပြီး လူအများက ထင်မြင်ယူဆ အမှတ်မှားပြီး သို့လောသို့လောဖြင့် အထိုက်အလျောက်သြဇာညောင်းအောင် လူထုဆက်သွယ်ရေးယန္တရား မီဒီယာများကို အသုံးပြု ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေများကို စိစစ်ခြင်းမရှိ ဆန့်ကျင်ကွဲလွဲစွာ ရေးသားပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်သွင်းမှုများကို အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်က ကန့်ကွက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲထူးချွန်ဆု၊ ကျပန်းစကားပြောပြိုင်ပွဲထူးချွန်ဆု၊ (၁၉)ကြိမ်နှင့် အထက်သွေးလှူရှင်အမျိုးသမီးများ၊ ပညာရည်ထူးချွန်ဆု၊ လူမှုထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခန်းမတွင်ပြသထားသော အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

အမျိုးသမီးငယ်ရွယ်သူများ အသိပညာဖွံ့ဖြိုးစေရန် ကွန်ပျူတာသင်တန်း၊ ကျန်းမာရေးသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ကျေးလက်ပညာရေးဆင့်ပွားသင်တန်း၊ ဘာသာရေးသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ ၂၅၂၈ဦး တက်ရောက်ခဲ့ကြောင်း၊ အေရိုးဗစ်ကိုယ်ကာယအလှ၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဂျူဒိုနှင့်ကရာတေးစသည့် ကျန်းမာရေးလေ့ကျင့်သင်တန်းများ ၁၄၉ကြိမ်တွင် ၃၇၃၇ဦးကို လေ့ကျင့်သင်တန်းပေးခဲ့ကြောင်း၊ နိုင်ငံနှင့် လူမျိုးချစ်စိတ်များ ပေါ်လွင်စေရန်နှင့် ယဉ်ကျေးမှုကို မြတ်နိုးတတ်စေရန် ဟောပြောပွဲကို ၁၆၉ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ၂၃၅၃၉ဦး တက်ရောက်နိုင်ခဲ့ကြောင်း။

ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျင်းပခဲ့ရာ ဌာနဆိုင်ရာနှင့် NGO များ ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများကို ၄၅၂ကြိမ် ပြုလုပ်နိုင်ခဲ့ရာ ၈၇၂၉၈ဦးတက်ရောက်ခဲ့ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးပြီး လျှပ်ပေါ်လော်လည်ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်နိုင်အောင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲပြိုင်ပွဲများ၊ ဆံကေသာအလှပြိုင်ပွဲများ၊ သွားအလှပြိုင်ပွဲများကို ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲ ပရိတ်ကြီး ၁၁သုတ် ရွတ်ဆိုပြိုင်ပွဲ၊ ပဋ္ဌာန်းရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်မှုတို့ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။

ကြိုးပမ်းအားထုတ်

မိမိတို့ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏**“အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးများ ကျန်းမာကြံ့ခိုင် ပြီး ပညာရည်မြင့်မားသော ထူးချွန်ထက်မြက်သော အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာရေး၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးအနွယ်ကို စောင့်ထိန်းသော အမျိုးသမီးကောင်းများ ဖြစ်ပေါ်လာရေးကို မျှော်မှန်း၍ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် သမိုင်းတွင် ရေရှည်တည်တံ့အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက်အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ လျော့နည်းပပျောက်ရေးစာတမ်းကို အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ခရိုင်တရားသူကြီး ဒေါ်လေးလေးမွန်ကလည်းကောင်း၊ မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုစာတမ်းကို လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပုသိမ်တက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါ်သန်းသန်းညွန့်က လည်းကောင်း ဖတ်ကြားကြသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ခင်သောင်းက ၂၀၀၅ခုနှစ် နိုင်ငံတော်က ချီးမြှင့်သော သုခမ္မသီရိဘွဲ့ရ ဒေါ်အေးရီ၊ လူမှုထူးချွန်(တတိယဆင့်)ရ ဒေါ်ခေတ်သစ်နှင့် ဒေါ်ခင်စန်းဦးတို့အားလည်းကောင်း၊ တိုင်းဦးစီးဗိုလ်မှူးကြီး၏ဇနီး ဒေါ်မေလိယုက တက္ကသိုလ်ဝင်စာမေးပွဲ ဗဟိုအဆင့်(၁)မှ(၁၀) အတွင်း ရရှိသူများအားလည်းကောင်း၊ စစ်ဗျူဟာမှူး၏ ဇနီးဒေါ်နေခြည်ဦးက ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအားလည်းကောင်း၊ စည်းရုံးရေးရာဌာနမှူး တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၏ဇနီး ဒေါ်သန်းသန်းလွင်က ၂၀၀၅ခုနှစ် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒို/ဂျူဒို အမျိုးသမီးအားကစားပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း၊ အမျိုးသမီးများအကြမ်းဖက်မှု ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် တိုင်းရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်မြမြလွင်က ၂၀၀၅ခုနှစ် ပြည်နယ်နှင့်တိုင်းတံခွန်စိုက် စက်ဘီးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးအားကစားဆုရရှိသူများအားလည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်လှလှချိုက ၂၀၀၅ခုနှစ် ပြည်နယ်နှင့်တိုင်း ကာယအလှ၊ ပိုက်ကျော်ခြင်း အမျိုးသမီးအားကစားအဖွဲ့ ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မလေးရှားလုပ်ငန်းခွင်အကြို သင်တန်းကျောင်းဖွင့်

မိတ္ထီလာ ဇူလိုင် ၆

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် မလေးရှားနိုင်ငံ D & A Management and Consultant ကုမ္ပဏီ မိုးယံအထွေထွေအကျိုးဆောင် ကုမ္ပဏီတို့ပူးပေါင်း၍ မလေးရှားလုပ်ငန်းခွင်အကြိုသင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ ဇွန် ၂၆ရက် နံနက်ပိုင်းက ကျင်းပသည်။

အဖွင့်အမှာစကား

အဆိုပါ သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနား၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဖေအောင်ဝန်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဆက်သွယ်နိုင်

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းသို့ သင်တန်းသား ၆၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည် ဖြစ်သည်။ သင်တန်းအောင်မြင်ပါက Certificate of Eligibility မလေးရှားလုပ်ငန်းခွင် အကြိုသင်တန်း အောင်လက်မှတ်ရရှိမည်ဖြစ်သည်။ အဆိုပါသင်တန်းကို အပတ်စဉ်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် မိတ္ထီလာမြို့ရှိ မလေးရှားလုပ်ငန်းခွင် အကြိုသင်တန်းကျောင်း အမှတ်(၆)၌ လည်းကောင်း၊ မိတ္ထီလာမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) တယ်လီဖုန်း အမှတ် ၀၆၄-၂၃၀၄၈တို့တွင် စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ပြည်သာယာဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၆

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့်နေ့ နံနက် ၉နာရီတွင် ပြည်သာယာစာသင်တိုက်၊ ရွှေပြည်ဟိန်းကျောင်းတိုက်၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ စွန်းလွန်းရိပ်သာကျောင်းတိုက်များမှ ပဓာနနာယကဆရာတော်ကြီးများအား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းဆက်ကပ်ပြီး မွန်းတည့်တွင် အဘိဓမ္မာ သင်တန်းသား၊ သင်တန်းသူများနှင့် ဂေါပကအဖွဲ့တို့က ဓမ္မစကြာအခါတော်နေ့ ကျင်းပပြီး ဒီကာကျော် စာအောင်ပုဂ္ဂိုလ်များအား စာအောင်ဆုများ ချီးမြှင့်မည်။ ဝါတွင်းသုံးလပတ်လုံးတွင်လည်း တနင်္ဂနွေနေ့ နံနက်တိုင်းတွင် မြို့နယ်တွင်းရှိ သံဃာအပါး ၃၀၀တို့အား သံဃာ့ဒါန အရုဏ်ဆွမ်းလောင်းလှူကြမည်ဟု သိရသည်။

(၁၁၅)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိခင်ကြီးဒေါ်ယု၏(၉၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အနေဖြင့် သမီး ဒေါ်ကျင်မေ၊ ဒေါ်ခင်ပြုံးဝင်း တို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၆

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်(ဇူလိုင် ၁၅ရက်) စနေနေ့ နံနက် ၈နာရီတွင် ပဏ္ဍိတာရာမတောစခန်းရိပ်သာ ဆယ်မိုင်ကုန်းတွင် လည်းကောင်း၊ ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက် (ဇူလိုင် ၁၆ ရက်) တနင်္ဂနွေနေ့နံနက် ၈နာရီတွင် ၈၀(က) သံလွင်လမ်း ဗဟန်းမြို့နယ် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လိုသူများသည် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်း၊ ဆွမ်းအလှူတစ်ပါးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဖုန်း-၅၃၅၄၄၈၊ ၇၀၅၅၂၅ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၆ရက် (တနင်္ဂနွေနေ့)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာ ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန။



စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရွာ အနီးတွင် တည်ဆောက်ပေးထားသည့် သဖန်းဆိပ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ဖူဖူလုံလုံရှိရုံသာမက ကြွယ်ဝချမ်းသာမှုဘက်ကိုပါ တက်လှမ်းနေပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်အတွင်းမှာရှိသည့် သဖန်းဆိပ်ရေလှောင်တမံကြီးမှာ အရှေ့တောင်အာရှမှာ အကြီးမားဆုံး ရေလှောင်တမံကြီးတစ်ခုဖြစ်ပြီး ယခင်က ဒေသခံပြည်သူများသည် မြစ်မမြင်ဖူး မူးမြစ်ထင် စကားပုံတောင်ရှိခဲ့ဖူးရာက ယခုအခါ ရေလှောင်တမံကြီး၏ ရေပြင်အကျယ်မှာ အင်းလေးကန်၏ နှစ်ဆမက ရှိနေခြင်းနှင့် ကုန်းတွင်းဒေသက ပင်လယ်ကြီးသဖွယ်ဖြစ်နေရပြီး ရေလှောင်တမံအတွင်း သားငါးများပေါများကာ စားဝတ်နေရေးအတွက် ဝမ်းစာရှာဖွေရေးပုံသဏ္ဌာန်များပါ ပြောင်းလဲတိုးတက်ခဲ့ရကြောင်း၊ ယင်းဆည်နှင့် တစ်ဆက်တည်း ကင်းတပ်၊ ကာဘိုး၊ ကျီးပင်အက်ဆည်၊ အင်ကြင်းသား ပိုဆည်၊ မဟာနန္ဒာကန်များ၊ အရာတော်မြို့နယ်မှာ အရာတော်ဆည်၊ အိုင်လျှားဆည်၊ ဘုတလင်မြို့နယ်မှာ မြို့သစ်ချောင်း၊ အုတ်ဖိုဆည်များ၏ အစုအဖွဲ့များကြောင့် ရွှေဘိုလွင်ပြင်နှင့် မုံရွာလွင်ပြင်ဒေသကြီး တစ်ခွင်မှာ မြန်မာနိုင်ငံ အထက်ပိုင်း၏ စပါးကျီပုံသဏ္ဌာန် ပြောင်းလဲလာပြီဖြစ်ကြောင်း။

ပိုမိုကြွယ်ဝလာ

ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှာရှိသည့် ဆားလင်းကြီးမြို့နယ်တွင် ငွေသာဆည်၊ ဖောင်းကတာဆည် ဆားလင်းကြီးဆည်၊ ကျောက်ဖြူတိုင်ဆည်၊ ဖောင်းကားဆည်များ၊ ယင်းမာပင်မြို့နယ်မှာ ၉၉ ကန်နှင့် ရေလျှံတွင်းများ၊ ပုလဲမြို့နယ်မှာ တောင်ယမားဆည်နှင့် မြောက်ယမားဆည်များကြောင့်မုံ ရွာခရိုင် ဆားလင်းကြီး၊ယင်းမာပင်၊ပုလဲမြို့နယ်တို့၏ ချင်းတွင်းမြစ်၏အနောက်ဘက်ကမ်း ဒေသတစ်ခွင်ဟာ စိမ်းလန်းစိုပြည်ပြီး စပါးသီးနှံအပြင် ပဲမျိုးစုံ အဓိကထွက်ရှိရာ စိုက်ပျိုးမြေပြင်ကျယ်ကြီးများသဖွယ် ရှိနေပြီဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်အတွင်း၌ တပ်ရွာမြစ်ရေတင်လုပ်ငန်း၊ ပေါက်အင်းမြစ်ရေတင်၊ ပရိမ္မမြစ်ရေတင်လုပ်ငန်း၊ ဘုတလင်မြို့နယ်တွင် ရေဘုတလင်၊ အင်းတောမြစ်ရေတင်လုပ်ငန်းများ၊ အရာတော်မြို့နယ်တွင် မန်ကျည်းဓောက်၊ သလဲတာ မြစ်ရေတင်လုပ်ငန်းများ၊ ဆားလင်းကြီး မြို့နယ်တွင် ညောင်ပင်ကြီး မြစ်ရေတင်လုပ်ငန်းများကြောင့် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင် လွင်ပြင်မှာလည်း စပါး၊ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံများ လှိုင်လှိုင်ကြီးထွက်၍ စပါးကျီသာမက ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံများ အဓိက ထုတ်လုပ်နိုင်သည့် တိုင်းကြီးတစ်တိုင်းအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ မိမိတို့ စစ်ကိုင်းတိုင်း တစ်တိုင်းလုံး ယခုကဲ့သို့ ဆည်တာတမံ၊ မြစ်ရေတင်လုပ်ငန်းများ တည်ဆောက်နိုင်တာကြောင့် ယခုအခါ စိုက်ပျိုးမြေဧက ၇၄ သိန်းကျော် ဖော်ထုတ်နိုင်ခဲ့ပြီး စပါးစုစုပေါင်း စိုက်ဧကသိန်း ၂၀၊ ပဲမျိုးစုံ စိုက်ဧက ၁၅ဒသမ၈ သိန်းနှင့် ဆီထွက်သီးနှံမျိုးစုံ စိုက်ဧက စုစုပေါင်း ၁၇ဒသမ၅ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း သီးနှံများ တိုးတက်စိုက်ပျိုးလာနိုင်ခြင်းကြောင့် တိုင်းအတွင်း ဆန်ဖူလုံမှုနှင့် ဆီဖူလုံမှု ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ စပါးစုစုပေါင်းစိုက်ဧက သိန်း ၂၀ မှ အထွက်တင်းသိန်းပေါင်း ၁၁၅၆ တင်း ထွက်ရှိခဲ့သည့်အတွက် တိုင်းအတွင်း ဆန်ဖူလုံမှုဟာ ၁၉၅ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဆီထွက်သီးနှံ စုစုပေါင်းစိုက်ဧကမှာ ၁၇ဒသမ၅ သိန်းဧက ဖြစ် သည့်အတွက် ဆီထွက်သီးနှံ အထွက်တင်းသိန်းပေါင်း ၄၄၆ တင်းဖြစ်ပြီး ဆီဖူလုံမှုမှာ ၃၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပဲမျိုးစုံသီးနှံ စုစုပေါင်းစိုက်ဧက ၁၅ဒသမ၈ သိန်းမှ ပဲမျိုးစုံသီးနှံအထွက် တင်းသိန်းပေါင်း ၄၄၃ တင်း ထွက်ရှိခြင်းကြောင့် တောင်သူလယ်သမားများ စီးပွားဥစ္စာ ပိုမိုကြွယ်ဝလာပြီဖြစ်ကြောင်း။

ဆက်လက်ပြီး မိမိတို့စစ်ကိုင်းတိုင်း၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့် ပတ်သက်ပြီး တင်ပြလိုကြောင်း၊ မိမိတို့ စစ်ကိုင်းတိုင်းသည် နယ်မြေဧရိယာကျယ်ပြန့်ပြီး လမ်းပန်းဆက်သွယ်ရေးသွားလာမှု ခက်ခဲသည့် နေရာများလည်းရှိကြောင်း၊ ယခု မိမိတို့ စစ်ကိုင်းတိုင်းအတွင်းတွင် ယခုအခါ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၅၁ ခု ရှိနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတွင်ကျယ်လာပြီး ၄၈၂၈ ခု ရှိလာပြီဖြစ်ကြောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံများမှာ လယ်ယာသီးနှံများကို ပြုပြင်သန့်စင်သည့်လုပ်ငန်း၊ စက်မှုကုန်ကြမ်းများ ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ၊ စက်ကိရိယာ အစိတ်အပိုင်းများ ထုတ်လုပ်သည့် လုပ်ငန်းများကို မိမိတို့တိုင်းအတွင်းတွင် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံပိုင် ပုဂ္ဂလိကအလုပ်ရုံ၊ စက်ရုံများတွင် နိုင်ငံတော်က အားထားရသည့် အမျိုးသမီး၊ အမျိုးသား ငယ်ရွယ်သူများ အလုပ်အကိုင်သစ်များ ရရှိပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ယခု မိမိတို့ စစ်ကိုင်းတိုင်းအတွင်းမှာ လူငယ်၊ လူရွယ်များ အလုပ်အကိုင်ရရှိပြီး ဆောင်ရွက်နေသည့်အတွက်ကြောင့် မနာလိုမရှုဆိတ် နိုင်ငံများက စွပ်စွဲပုတ်ခတ်ပြောကြားသည့် မြန်မာပြည်တွင် အလုပ်လက်မဲ့များ ပေါများနေပါသည်ဆိုသည့် စွပ်စွဲချက်ကို မဟုတ်မမှန် စွပ်စွဲချက်တစ်ခုသာဖြစ်ကြောင်း ကန့်ကွက်တင်ပြအပ်ပါကြောင်း။

တိုးချဲ့သင်ကြားပေး

မိမိတို့ စစ်ကိုင်းတိုင်း၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်တင်ပြလိုကြောင်း၊ မိမိတို့တိုင်းအတွင်းတွင် ၁၉၈၈ ခုနှစ်က အထက်တန်းကျောင်း ၆၅ ကျောင်း၊ အလယ်တန်းကျောင်း ၁၅၉ ကျောင်း၊ မူလတန်းအဆင့်ကျောင်း ၃၃၇၉ ကျောင်း ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်မှာ အထက်တန်းကျောင်း ၈၅ ကျောင်း၊ အလယ်တန်းကျောင်း ၂၀၃ ကျောင်း၊ မူလတန်းကျောင်း ၃၉၀၇ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းသားဦးရေအနေနှင့် ၁၉၈၈ ခုနှစ်က ကျောင်းသား ဦးရေ ၆၀၀၅၀၁ ဦးမှ ၂၀၀၆ ခုနှစ်မှာ ၈၇၆၅၉၅ဦးအထိ တိုးမြှင့်သင်ကြားဆောင်ရွက်ပေးတာ တွေ့ရှိရကြောင်း၊ တိုင်းအတွင်း တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ဆောင်ရွက်မှုကို တင်ပြရမည်ဆိုလျှင် ၂၀၀၆ခုနှစ်မှာ တက္ကသိုလ် ငါးကျောင်း၊ ကောလိပ်တစ်ကျောင်း၊ အစိုးရကွန်ပျူတာကောလိပ် နှစ်ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ တစ်ကျောင်း၊ အစိုးရနည်းပညာကောလိပ် နှစ်ကျောင်း၊ ပညာရေးကောလိပ် နှစ်ကျောင်း၊ သမဝါယမကောလိပ် တစ်ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသူ ကျောင်းသားများကို နိုင်ငံတော်၏ လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် သင်ကြားပို့ချလျက်ရှိနေကြောင်း တွေ့ရှိရကြောင်း၊ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများက နှစ်စဉ်တိုးချဲ့သင်ကြားပေးလျက်ရှိခြင်းကြောင့် စစ်ကိုင်းတိုင်းအတွင်းက နိုင်ငံတော်အကျိုးကို ကဏ္ဍအသီးသီးမှ ဦးဆောင်ဦးရွက်ပြုပေးနိုင်မည့် လူငယ်၊ လူရွယ်၊ အမျိုးသမီး၊ အမျိုးသားများ ပေါ်ထွက်နေပြီဖြစ်ကြောင်း။

မိမိတို့စစ်ကိုင်းတိုင်းတွင် ထူးခြားသည့်နေရာဒေသတစ်ခုဖြစ်သော နာဂတိုင်းရင်းသားများနေထိုင်ရာ နန်းယွန်း၊ လေရှီး၊ လဟယ်နှင့် ခန္တီးတစ်ခရိုင်လုံး တိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နာဂတိုင်းရင်းသားများ၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှု၊ မိမိတို့ရိုးရာဓလေ့၊ ထုံးစံ၊ ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မှု၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းဒေသ၏ အထက ရှစ်ကျောင်း၊ အလက ၁၁ ကျောင်း၊ အမက ၃၈၄ ကျောင်း၊ ဆေးရုံငါးရုံ၊ တိုက်နယ်ဆေးရုံ ခြောက်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂၁ ခုနှင့် တယ်လီဖုန်းဆက်သွယ်ရေးစခန်းများ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ကျေးရွာချင်းဆက်သွယ်ရေးလမ်းများကို ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးတစ်စုဖြစ်သော နာဂတိုင်းရင်းသားဒေသသည် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ခြင်းကြောင့် နာဂပွဲတော်များကို နိုင်ငံခြားသားများ လာရောက်လည်ပတ်လျက်ရှိပြီး ဖွံ့ဖြိုးမှုများကို မျက်မြင်တွေ့ရှိနေကြရပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အပေါ် လူမျိုးစုငယ်များကို မျိုးသုဉ်းသတ်ဖြတ်ခြင်းများပြုလုပ်နေကြောင်း စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေး စီစဉ်နေကြသူများ မြန်မာတိုင်းရင်းသားများကို ကိုယ်စားပြုသူများမဟုတ်ပါကြောင်းနှင့် လုပ်ကြံဖန်တီးထားတဲ့ ဓာတ်လမ်းဓာတ်ကွက်များသာဖြစ်ကြောင်း တင်ပြလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေအနေအရပ်ရပ်ပေါ်မှာမူတည်သော်လည်း အထူးသဖြင့် စီးပွားရေးကဏ္ဍတိုးတက်မှ နိုင်ငံ၏ စီးပွားရေးတိုးတက်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် တာဝန်ယူစဉ်ကာလတစ်လျှောက်လုံးတွင် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်ပြီး ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့စစ်ကိုင်းတိုင်းအတွင်းမှာ လူတစ်ဦးချင်းဝင်ငွေမှာ ၁၉၈၈ခုနှစ်ကထက် တိုးတက်ပြီး ၂၀၀၅ခုနှစ်မှာ ၂၂၀၅၇၈ကျပ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းမှာလည်း ၂၀၀၅-၂၀၀၆ခုနှစ်မှာ ၁၇ဒသမ၁ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကျပ်သန်းပေါင်း၅၀၇၇၁၉အကောင်အထည်ဖော်နိုင်ကြောင်း တင်ပြလိုကြောင်း၊ ယင်းသို့ စီးပွားရေးတိုးတက်မြင့်မားလာပြီး လူတစ်ဦးချင်းဝင်ငွေကောင်းလာရခြင်းအတွက် လူတိုင်း အလုပ်အကိုင်ရရှိပြီး ကဏ္ဍအသီးသီးမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ လုပ်ဆောင်နိုင်တဲ့အတွက်ကြောင့်ပင်ဖြစ်ကြောင်း။

အရှက်မရှိစွပ်စွဲ

ယင်းသို့ ဖွံ့ဖြိုးမှု အသီးအပွင့်များကို နိုင်ငံသားတစ်ဦးအနေနှင့် ခံစားပြီး နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုနေသည့် နိုင်ငံရေးပါတီတစ်စုသည် လူအများစု စားဝတ်နေရေး ကျပ်တည်းလျက်ရှိနေကြောင်း၊ တောနဲ့မြို့ ကွာဟလျက်ရှိနေကြောင်း၊ သယ်ယူပို့ဆောင်ရေးအခက်အခဲရှိနေကြောင်း၊ သဘာဝသယံဇာတများ ပြုန်းတီးနေကြောင်း၊ မူးယစ်ဆေးဝါးကို တားဆီးမှုမရှိကြောင်း၊ လူကုန်ကူးမှုများကို ပိတ်ပင်မှုမရှိကြောင်း စသည်ဖြင့် အားလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်သည့်ဆောင်ရွက်ချက်များနှင့် အရှက်မရှိ စွပ်စွဲနေသည်ကို ကန့်ကွက်ပါကြောင်းနှင့် ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိပါကြောင်း၊ မိမိတို့အထက်မှာ ဖော်ပြခဲ့တဲ့ နိုင်ငံတော်အစိုးရ၏ ဒေသအပေါ် ဆောင်ရွက်ပေးချက်များက သက်သေခံလျက်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ထူးချွန်ဆု၊ နိုင်ငံတကာပေးစာပြိုင်ပွဲထူးချွန်ဆု၊ (၆၁)နှစ်မြောက်တပ်မတော်နေ့ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ထူးချွန်ဆု၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ ကွန်ပျူတာအသုံးချမှုပြိုင်ပွဲ ထူးချွန်ဆု၊ ဆို၊က၊ရေး၊တီးပြိုင်ပွဲထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိကြသူများအား ဆုများ အသီးသီး ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့်အဖွဲ့ဝင်များသည် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်ကြီးအဖြစ် ထမ်းဆောင်ရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စည်းစည်းလုံးလုံး

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ပေါက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်တက်ကြွကြွ စည်းစည်းလုံးလုံးပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု အမျိုးသမီးထုတစ်ရပ်လုံးအား တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်နှင့် အဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိကြသူများနှင့် ၃၃ ကြိမ်နှင့် ၂၄ကြိမ်မြောက် အမျိုးသမီးသွေးလှူရှင်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးထပ်ကြီးမြတ်စွာဘုရား ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီး အတွင်း၌ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါယမ သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်မြတ်သည် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းနေ့တိုင်း မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ **(က-ပ)**

မြန်မာ့အာမခံလုပ်ငန်း ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီးကျောင်းတိုက်မှ မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သာဓုအနုမောဒနာတရားတော်နှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူ၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ပယ်နယ်တီတစ်ဂိုးတည်းဖြင့် ပြင်သစ်တို့ဗိုလ်လုပွဲတက်ရောက် ပေါ်တူဂီတို့ ကြိုးစားသော်လည်း အရာမထင်ဖြစ်ခဲ့ရ

တင်ပြသူ **မြင့်မောင်စိုး**

မြူးနစ် ဇူလိုင် ၆

၂၀၀၆ ကမ္ဘာ့ဖလားအကြို ဗိုလ်လုပွဲစဉ် နောက်ဆုံးပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် ပြင်သစ်အသင်းတို့သည် ဇူလိုင် ၅ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြင်သစ်အသင်းက ဒိုင်လူကြီး လာရီယွန်ဒါပေးသည့် ပယ်နယ်တီဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဖိကစားနိုင်

ပွဲစသည်နှင့်တစ်ပြိုင်နက် ပေါ်တူဂီအသင်း ခြေစွမ်းပြ ကစားနေသည်။ ပေါ်တူဂီကစားသမားများ လျင်လျင်မြန်မြန် ထိုးဖောက်၊ အလိမ်အခေါက်ကျွန်းကျင် ပိုင်နိုင်စွာဖြင့် ပြင်သစ်ကို ဖိကစားနိုင်ခဲ့သည်။

ခလောက်ဆန်

တစ်ဖန် ပြင်သစ်တို့ကလည်း ရံဖန်ရံခါ ထိုးဖောက်တိုက်စစ်ဆင်လာသည်။ နီညိုရောင် ပေါ်တူဂီနှင့် အဖြူရောင်ပြင်သစ်တို့အကြား အပြန်အလှန် တိုက်စစ်ကြောင့် ကမ္ဗလာမြက်ခင်းစိမ်းပေါ်မှ အဖြူရောင်ဘောလုံးမှာ ခလောက်ဆန် ဖြစ်နေသည်။

တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကြိုးစားနေလျက်ရှိရာ ပွဲချိန် ၃၃ မိနစ်တွင် ပေါ်တူဂီ ဂိုးဧရိယာအတွင်း အွန်နရီက ဘောလုံးကိုဆွဲအယူ နောက်တန်းလူ ကာဗယ်ဟိုနှင့် ခြေထောက်ချိတ်မိသွားရာ အွန်နရီ ဂိုးဧရိယာအတွင်း လဲကျသွားခဲ့သည်။

အံ့အားသင့်ကုန်

ဤအမှားဖြင့် ပြင်သစ်ကို ဗိုလ်လုပွဲရောက်အောင် ပို့ပေးလိုသော ဒိုင်လူကြီးလာရီယွန်ဒါက ခရာမှုတ်၍ ပယ်နယ်တီလုပ်လိုက်သည်။ ထိုမြင်ကွင်းကို ကြည့်ရှုနေသော ဘောလုံးပရိသတ်များ အားလုံး ပယ်နယ်တီပေးလိုက်သဖြင့် အံ့အားသင့်ကုန်ကြသည်။

ကာဗယ်ဟို၏ ခြေထောက်ဖြင့်ချိတ်မိပြီး အွန်နရီ ပေါ်တူဂီ ဂိုးဧရိယာအတွင်း လဲကျသွားသည့် အနေအထားကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ယင်းပယ်နယ်တီကို ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက အမှားအယွင်းမရှိ ပေါ်တူဂီဂိုးသမား ရီကာဒို၏ ညာဘက်အောက်ထောင့်ဘက်သို့ ကန်သွင်းယူလိုက်သည်။ ဂိုးပေါက်ထဲသို့ ဘောလုံးရောက်သွားသည်ဆိုလျှင်ပဲ ပေါ်တူဂီကစားသမားများ စိတ်ဓာတ်ကျသွားပုံရသည်။ ထိုအတောအတွင်း ပြင်သစ်ကစားသမားများ ဖြစ်သည့် ဇီဒန်း၊ အွန်နရီ၊ ဗီယာရာနှင့် နည်းပြ ရေမွန်ဒိုမီနစ်ချ်တို့ အောင်ပွဲခံပုံမှာ ဟစ်အော်ကြုံးဝါးအောင်ပွဲခံခြင်းမဟုတ်ဘဲ သာမန်အနေအထားဖြင့် အောင်ပွဲခံသည်ကိုလည်း တွေ့ရသည်။

ပို၍ကောင်း

ပွဲစဉ်တစ်လျှောက်လုံး ပေါ်တူဂီကသာ ပြင်သစ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ဖိကစားနိုင်ခဲ့သည်။ အနိုင်ရထားသော တစ်ဂိုးဖြင့် ပြင်သစ် ကစားသမားများရှေ့မတက်တော့ဘဲ နောက်တွင်သာ ပိတ်ဆို့ကစားနေကြသည်။ ပေါ်တူဂီအသင်းက ပြင်သစ်အသင်းထက် တစ်ဦးချင်းရောအသင်းလိုက်ရော ပို၍ ကောင်းအောင် ကစားပြနိုင်ခဲ့သည်။

ဂိုးတန်းကျော်

ပေါ်တူဂီအသင်း ခေါင်းဆောင် လူးဝစ်ဖီဂိုနှင့် ဒေကိုတို့၏ကန်သွင်းချက်များကို ပြင်သစ် ဂိုးသမား ဘားသက်ဇ် ကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲပြီးရန် မိနစ်အနည်းငယ်အလို ဖီဂိုခေါင်းတိုက်သွင်းရာ ဂိုးတန်းပေါ်ကျော်တက်သွားသည်။

ကမ္ဘာ့ဖလား သတင်းဂယက်

အဖြေတစ်မျိုးပြောင်းနိုင်

ပြင်သစ်အသင်းသည် ဗိုလ်လုပွဲအဖြစ် အီတလီအသင်းနှင့် ဘာလင်မြို့၌ ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ယင်းဗိုလ်လုပွဲသည် ဇီဒန်း၏ ကြေးစားဘောလုံးသမားဘဝမှ အနားမယူမီ နောက်ဆုံးပွဲ ဖြစ်လိမ့်မည်ဖြစ်သည်။ ပြင်သစ်အသင်းသည် ၁၉၉၈ခုနှစ်က ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့ရာ ဒုတိယအကြိမ်ဆွတ်ခူးနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ လက်ရှိပြင်သစ်အသင်းခြေစွမ်းနှင့် အီတလီအသင်း၏ ခြေစွမ်းသည် သိပ်မကွာသော်လည်း မည်သူမျှ အမှားမခံ၍မရပါ။ အဖြေတစ်မျိုးပြောင်းသွားနိုင်သည်။

ခြေစွမ်းမပြနိုင်

ထိုပွဲတွင် ဇီဒန်းသည် စပိန်နှင့် ဘရာဇီးပွဲများ ကစားခဲ့စဉ်က ခြေစွမ်းမျိုးထုတ်မပြနိုင်ခဲ့ပေ။

ထိုပွဲတွင် ပေါ်တူဂီတို့ ရှုံးနိမ့်ခဲ့သဖြင့် နည်းပြ စကိုလာရီသည် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ရာနှုန်းပြည့်အောင်မြင်သည့် နည်းပြအဖြစ် ခံယူထားခြင်းမှ ဆုံးရှုံးရလေသည်။

အကောင်းဆုံးအရှုံးသမား

ဒေကိုနှင့် ဖီဂိုတို့၏ ကြိုးပမ်းချက်၊ စီရိုနယ်ဒို၏ အားထုတ်မှုများသည် ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲ၌ ပြင်သစ်အသင်းထက် ကောင်းအောင် ကစားပြနိုင်ပါသော်လည်း အကောင်းဆုံး အရှုံးသမားအဖြစ်နှင့် ကမ္ဘာ့ဖလားနှင့်ဝေးကာ အိမ်ရှင်ဂျာမနီနှင့် တတိယ နေရာအတွက် ကစားရမည်ဖြစ်သည်။ ။ **(အင်တာနက်)**

ပွဲအပြီး အောင်ပွဲခံနေသော ပြင်သစ်ကစားသမားများအား ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားနောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇူလိုင် ၆

၂၀၀၆ ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲစဉ်များ ပြီးဆုံးခဲ့ပြီဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲသို့ အီတလီနှင့် ပြင်သစ်အသင်းတို့ ထိုက်ထိုက်တန်တန် တက်ရောက်လာခဲ့ကြပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲအပြီး နောက်ဆုံးရရှိသော ကမ္ဘာ့ဖလားနောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ပေါ်တူဂီနည်းပြ စကိုလာရီ။

ပြင်သစ်ကို ရှုံးခဲ့သဖြင့် စီရိုနယ်ဒိုငိုကြွေး

အကြိုဗိုလ်လုပွဲတွင် ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ရသည့်အတွက် ပေါ်တူဂီတောင်ပံ တိုက်စစ်မှူးလေးစီရိုနယ်ဒို၏ ကမ္ဘာ့ဖလားရယူရေး အိပ်မက်ပျက်ပြယ်ခဲ့သဖြင့် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးခဲ့သည်။

ပယ်နယ်တီဂိုး တစ်ဂိုးတည်းဖြင့် မိမိတို့ရှုံးနိမ့်ခဲ့ရခြင်းမှာ ခံပြင်းစရာကောင်းကြောင်း၊ မိမိအားလုံးခြေကုန်ထုတ်ပြီး ကစားခဲ့ကြောင်း၊ ဘောလုံးပွဲ၌ မိမိတို့အသာစီးရခဲ့ကြောင်း၊ ပယ်နယ်တီကြောင့် မိမိတို့ ရှုံးနိမ့်ခဲ့ရခြင်းမှာ အလွန်အမင်းဝမ်းနည်းစရာ ကောင်းကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

စကိုလာရီက မိမိဘာမျှ မပြောလိုဟုဆို

ပယ်နယ်တီတစ်ဂိုးဖြင့် မိမိတို့ ရှုံးနိမ့်ခဲ့ရခြင်းအတွက် ပယ်နယ်တီ ပြစ်ဒဏ်သတ်မှတ်ပေးခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မိမိဘာမျှ မပြောလိုကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားလိုက်သည်။

ပေါ်တူဂီအသင်းသည် အကြိုဗိုလ်လုပွဲ၌ ဘောလုံးသမားများ ကစားပုံ၊ နည်းစနစ်နှင့် ကစားကွက် အသာစီးရမှုများမှာ ပြင်သစ်တို့ထက်သာကြောင်း၊ ပြင်သစ်တို့ထက် ပိုကောင်း သောစွမ်းဆောင်မှုများကို ပြနိုင်ခဲ့ကြောင်း၊ မိမိတို့ ရှုံးခြင်းမဟုတ်ကြောင်း စကိုလာရီက ပြောကြားသည်။

အကောင်းဆုံးအသင်းနှင့် ရင်ဆိုင်ရမည်ဟု ပြင်သစ်နည်းပြပြောကြား

အကြိုဗိုလ်လုပွဲ၌ ပေါ်တူဂီအပေါ် အနိုင်ရရှိခဲ့သည့် ခံစားချက်ကို မိမိ မပြောလိုတော့ကြောင်း၊ ဗိုလ်လုပွဲအပေါ်၌သာ မိမိအာရုံစိုက်ထားလိုက်ပြီဖြစ်ကြောင်း၊ အီတလီအသင်းသည် အကောင်းဆုံးအသင်းဖြစ်သည်ဟု ပွဲအစကပင် မိမိလက်ခံထားကြောင်း ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

ပေါ်တူဂီတောင်ပံ တိုက်စစ်မှူးလေး စီရိုနယ်ဒို ဤသို့ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးခဲ့သည်။

ယခုနှစ် ကမ္ဘာ့ဖလား၌ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းဖြစ်သည့် ဘရာဇီးနှင့်ကစားခဲ့ရပြီး ယခု အီတလီနှင့် ဗိုလ်လုပွဲကစားရတော့မည်ဖြစ်ကြောင်း၊ အီတလီသည် ဘရာဇီးကဲ့သို့ပင် အသင်းကောင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြင်သစ် နည်းပြ

ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်။

ဇီဒန်းကြောင့် ပြင်သစ်တို့ ဗိုလ်လုပွဲရောက်ရှိခြင်းဖြစ်

အကြိုဗိုလ်လုပွဲတွင် ပြင်သစ်တို့ရရှိသော ပယ်နယ်တီ ပြစ်ဒဏ်ဘောဝင်အောင် ကန်သွင်းခဲ့ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် ဗိုလ်လုပွဲတက်ရောက်ခဲ့သဖြင့် ပြင်သစ်ပရိသတ်တို့ ဇီဒန်းကို ကျေးဇူးတင်မဆုံး ရှိနေသည်။

ဇီဒန်း၏စွမ်းဆောင်မှုများကြောင့် ကမ္ဘာ့ဖလားပွဲစဉ်များ ဆက်တိုက် အနိုင်ရရှိခဲ့သဖြင့် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းထံ ကျေးဇူးတင်ကြောင်းစာများ အဆက်မပြတ်ပေးပို့ခဲ့ရာ ဇီဒန်း မဖတ်နိုင်အောင်ပင် များပြားခဲ့ကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲသည် ရုပ်သံမှကြည့်သူအရေအတွက် စံချိန်တင်

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကစားကြပုံများကို ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးမှ ပရိသတ်များ ရုပ်မြင်သံကြားမှ တိုက်ရိုက်ကြည့်ရှုသူအရေအတွက်သည် စုစုပေါင်းလူဦးရေ ၃၀ ဘီလီယံကျော်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အရေအတွက်သည် ယခင်နှစ်များက ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများထက် ကြည့်ရှုသူများပြီး ကမ္ဘာ့ဖလားပြိုင်ပွဲများ ကျင်းပခဲ့သည့် သမိုင်းတစ်လျှောက် အမြင့်မားဆုံးစံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားလူငယ် အကောင်းဆုံးဆုအတွက် ပဏာမစာရင်းထွက်လာ

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ လူငယ်အကောင်းဆုံးဆုအတွက် ဖီဖာက လူငယ်ဘောလုံးသမား ခြောက်ဦးကို ပဏာမရွေးချယ်လိုက်ပြီဖြစ်သည်။ ၎င်းတို့မှာ စီရိုနယ်ဒို (ပေါ်တူဂီ)၊ ပိုဒေါစကီး(ဂျာမနီ)၊ ဘာနက်တာ(ဆွစ်ဇာလန်)၊ ဖာဘရီဂတ်စ်(စပိန်)၊ လူးဝစ်ဗလင်စီရာ (အီကွေဒေါ)နှင့် မက်ဆီ(အာဂျင်တီးနား)တို့ ဖြစ်သည်။

ဖီဖာကရွေးချယ်ရာတွင် အသက်အနေဖြင့် ၁၉၈၅ ခုနှစ် ဇန်နဝါရီ၁ရက်နောက်ပိုင်း မွေးဖွားသော ကမ္ဘာ့ဖလားပြိုင်ပွဲဝင် လူငယ်ကစားသမားများထဲမှ ရွေးချယ်ထားခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

ပယ်နယ်တီသွင်းခဲ့သည့် ပြင်သစ်အသင်း ခေါင်းဆောင် ဇီဒန်း။



မင်္ဂလာကုမ္ပဏီလီမိတက်

အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

ဖုန်း–၂၄၃၀၅၇၊ ၂၄၃၀၅၈
(ပြည်တွင်း၌သာ ခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာ သတ်မှတ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

(က) မန်နေဂျာ/ဒု–မန်နေဂျာ ကျား (၆) ဦး
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထ မန်နေဂျာ (စီမံ/ကြီးကြပ်) ကျား/မ (၅) ဦး
- အသက် (၂၅)နှစ်မှ (၄၀) နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်/ပြစက်ဝန်ထမ်း ကျား (၁၀) ဦး
- အသက် (၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I.(E.P), (E.C), (M.P)၊ စက်မှုလက်မှု အထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက် ဘာသာရပ်၊ Electricalသို့မဟုတ် Mechanicalဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့ အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။

(ဃ) တန်းပြ/ရောင်း/သိမ်း ဝန်ထမ်း ကျား/မ(၁၀) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို/အပျို) ဖြစ်ရမည်။
- အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။

(င) လုံခြုံရေး/ယာဉ်ရပ်နားစခန်း ဝန်ထမ်း ကျား (၁၀) ဦး
- အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(စ) သန့်ရှင်းရေး ဝန်ထမ်း ကျား/မ(၁၀) ဦး
- အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဆ) ထမင်းချက် ဝန်ထမ်း မ (၃) ဦး
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဇ) ယာဉ်မောင်း (Driver) ကျား (၃) ဦး
- အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း (၃)နှစ် ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို) ဦးစားပေးမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary) ကျား/မ (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာ ကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ခ) ဘာသာပြန်(Interpreter) ကျား/မ (၃) ဦး
- အသက်(၃၀)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ်(သို့)တရုတ်(သို့)ထိုင်း ကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူ ကျား/မ (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကိုကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူဖြစ်ရမည်။

(ဃ) စာရင်းကိုင်/စာရင်းစစ် မ (၃) ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ သို့မဟုတ်
- CPA, DA, LCCI IIIတစ်ခုခု အောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။

(င) ဟိုတယ်ဧည့်ကြို (Receptionist) ကျား (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) Hotel Waiter ကျား (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။

အမှတ်စဉ် အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ အမှတ်စဉ်(၂)အောက်ရှိ ရာထူးအားလုံးအတွက် အင်္ဂလိပ်စကားပြော အသင့်အတင့်တတ်ကျွမ်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၁၄–၇–၂၀၀၆ရက် နောက်ဆုံးထား၍ ပတ်စပို့ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်း ယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း–၂၄၃၀၅၇၊ ၂၄၃၀၅၈၊ သိမ်ကြီးဈေး(D)ရုံသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

– လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ယာဉ်မောင်း၊ ရောင်း/သိမ်း၊ ဘာသာပြန်၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter၊ စာရင်းကိုင်၊ ကွန်ပျူတာ ဝန်ထမ်း လျှောက်ထားသူများအား ၁၅–၇–၂၀၀၆ရက်(စနေနေ့) နံနက် ၉ နာရီတွင်လည်းကောင်း၊

– မန်နေဂျာ၊ ဒု–မန်နေဂျာ၊ လ/ထမန်နေဂျာ၊ တန်းပြ၊ လုံခြုံရေး၊ ကားပါကင်၊ ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား ၁၆–၇–၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ)

(၃၈)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးလှဆွေ(Nihon Keizai Shimbun (NIKKEI), Japan)နှင့် ချစ်မေမေ ဒေါ်နုနုဆွေတို့၏ ၇–၇–၂၀၀၆ ရက်နေ့တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှာသည် ...

ချစ်သမီးကြီး – ...
ချစ်သားကြီး – ... B.A. English (Hons)–... (Tokyo Broadcasting System)
ချစ်သားထွေး – ...(Nihon Keizai Shimbun)–...
ချစ်မြေးများ – ...

သစ်ပင်စိုက်ပါ ဒို့ပြည်ရွာ သာယာလှပ တင့်မောစွ

ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် တရားပွဲ

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ဆိပ်ကမ်းနယ်မြေ၊ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းကြား ဆန်ကုန်သည်ကြီးများအသင်း၏ ဂိုဒေါင်အမှတ်(၁၀၀)တွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဓမ္မစေတီဆရာတော် ဦးကောသလ္လ၏တရားပွဲကို ဇူလိုင် ၇ရက် (သောကြာနေ့)နှင့် ဇူလိုင် ၈ရက်(စနေနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ တရားနာကြွရောက်ပါရန် ဖိတ်ကြားနှိုးဆော်ထားပါသည်။

သာသနိကအဆောက်အအုံများအတွက် လှူဒါန်းနိုင်

ရေချမ်းအိုး ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာသီရိအရှင်မြတ်၏ ဆန္ဒတော်အရ မုံရွာမြို့ သာစည်လမ်း ချမ်းမြသာစည်ရပ် နိဂြောဓာရုံ ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တသောဘိတ(ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)အရှင်သူမြတ် ဦးဆောင်တာဝန်ယူပြီး မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးရွာ၌ မေတ္တာရေချမ်း ပရိယတ္တိစာသင်တိုက်ကြီးဖွင့်လှစ်လိုက်ပါသည်။ ၁၃၆၈ခု ၂၀၀၆ခုနှစ် ပညာသင်နှစ်မှစ၍ စာချစာသင် သံဃာတော်အပါး၅၀ သီတင်းသုံးပြီး ဗုဒ္ဓဟောကြား ပိဋကတ်ကျမ်းစာများကို သင်ယူပို့ချ ကျက်မှတ်ပြန်ဆို စာဖြေတော်မူခြင်းဖြင့် ပရိယတ္တိ သာသနာတော် အရှည်တည်တံ့ရန် အားထုတ်နေကြပါသည်။

သို့ဖြစ်ပါ၍ အရှင်မြတ်များအတွက် လိုအပ်လျက်ရှိသော အောက်ပါ သာသနိက အဆောက်အအုံများကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

(၁) သိမ်ကျောင်းဆောင်၊ **(၂)** နာယကစာချ ဆရာတော် သီတင်းသုံးကျောင်းဆောင်(တစ်ထပ်ကျောင်း)၊ **(၃)** စာသင်သားရဟန်း၊ သာမဏေများ သီတင်းသုံးရန်အဆောင်(တစ်ထပ်ကျောင်း)၊ **(၄)** ဆွမ်းစားကျောင်း **(၅)** ရှေးဟောင်း ကျောင်းတော်ကြီးပြုပြင်ရန်၊ **(၆)** စက်ရေတွင်းနှင့် ရေစင်၊ ရေလှောင်ကန်၊ **(၇)**ကျောင်းတိုက်မုခ်ဦးနှင့် မဟာရံတံတိုင်း

လှူဒါန်းရန်ဌာန – ဦးတင်ဝင်း(ဘောဂကြီးသင်္ဘောရေယာဉ်) ဘုရားကြီးလမ်း မုံရွာမြို့ ဖုန်း–၀၇၁–၂၁၀၈၅၊ ဦးငြိမ်းအောင်(ငြိမ်းချမ်းရေးချည်စက်)လယ်တီရပ် မုံရွာမြို့ ဖုန်း– ၀၇၁–၂၅၂၈၃၊ ဦးသန်းထွန်း(သီဟရာဇာချည်စက်)ချမ်းမြသာစည်ရပ် မုံရွာမြို့ ဖုန်း–၀၇၁–၂၁၉၅၉၊ ဦးခင်မောင်မြင့်(အောင်သပြေဘက်ထရီ) ၈၃/၈၄ လမ်းကြား ၃၇လမ်း မန္တလေးမြို့ ဖုန်း–၀၉–၂၀၀၄၈၉၀၊ ၀၉–၅၃၃၁၃၇၁၊ ဒေါက်တာအေးကျော် အမှတ်(၇၂)ဘီ မြို့ပတ်လမ်းနှင့် စီလမ်းထောင့် ပြင်ဦးလွင်မြို့ ဖုန်း–၀၈–၅၂၂၇၅၄ မေတ္တာရေစင် ပရိယတ္တိသာသနာ့ ပါလအသင်း (ပြင်ဦးလွင်၊ မုံရွာ၊ မန္တလေး)သို့ လှူဒါန်းနိုင်ပါသည်။



မော်လမြိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၆

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၉ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယံရှိ မော်လမြိုင်ဓမ္မာရုံတွင် ပင့်သံဃာအပါး၅၀တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားပြီး ပင့်သံဃာတော်များ ဆွမ်းကပ်လှူခြင်းနှင့်ဧည့်ပရိသတ်များအား နံနက်စာဖြင့်ကျွေးမွေးခြင်းကို (ဒေါ်ခင်စိန်)တူ တူမများ ပုလဲကွန်ဒိုအိမ်ရာက လှူဒါန်းမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို အသင်းဓမ္မာရုံတွင် ရရှိနိုင်၍ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း–၅၄၂၂၀၄၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း)ဖုန်း–၀၉၅၁၀၁၈၀၊ ဒေါ်ဝင့်နွယ် ဖုန်း–၆၅၀၀၉၁၊ ဦးလှရွှေ အသင်းဓမ္မာရုံ ဖုန်း–၂၅၆၁၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုးမိတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၆

မိုးမိတ်မြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှတ် ၉၀ မင်းလမ်း ဆရာစံတောင်ရပ်ကွက် သာသနာရာမိကကျောင်း၌ ဇူလိုင် ၁၆ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများ သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀နှုန်းဖြင့် ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဇူလိုင်၆ရက်က ကမာရွတ်မြို့နယ် ရန်ကုန် အင်းစိန်လမ်းအမှတ် ၃၆နေ ဖခင် ဦးကျင်စန်း၊ မိခင် ဒေါ်ကျင်မှုံ အားရည်စူး၍ ဦးသက်နောင်–ဒေါ်ကြည်ကြည်ဝင်း (ချောဓာတ်ပုံ) မိသားစုကနား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကျော်လှမြင့် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်းဆေးပညာဟောပြောမည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) နှလုံးရောဂါကုပညာအဖွဲ့နှင့်စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)တို့က နှလုံးနှင့်သွေးတိုးရောဂါကုထုံးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်၉ရက် မွန်းတည့်၁၂နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မာလာပုန်းညက် ပွင့်မှန်ကူငယ် ခိုင်ရွှေဝါ

ဝါဦးပြင်ပြင် သွင်တနဲမင်ခံစျာန်ကြွပုံျသလို
ဆင်မြဲရန်က တစ်ဥဏ်ပိုတယ် မခံချင်ငို ညိုမတဲ့
ကိုးထန်ခြံတို့ သံလွှံ့ချီအောင် အမွှန့်ဝသီ ဖန်တီးနိုင်တော့ခဲ့
မာလာပုန်းညက် ပွင့်မှန်ကူငယ် မမူ့တစ်မူ ခိုင်အန္တဲ့
မကြို့တကြို ကြိုင်တစ်လှဲ့နှင့် ဂနိုင်ပိုင်ချဲ့ ဘုရင်စံ
ဆက်နွှန်းမသွေ ဖွေကာသမှာ တာရာစေ့ဌ ငွေလပြုဗ္ဗာသာဠ်
ဘာသာစုံခ ဘုံမျှာ့မှန်ဝယ် ပဝရနိဗ္ဗာန်ရည်သန်ပွားလို့
ငါးပဉ္စမ သင်္ဂါယနာ တင်ထဇကရာ
ရှင်တော်မြတ်နှင့် ပဋ္ဌလျာကို သဘင့်မင်္ဂလာမြှောက်ချီးချိန်ပလေး။

(စလေ-ဦးပုည)

မင်းတုန်းမင်းတရားကြီးသည် ပုန်းညက်မာလာပန်းပွင့်သော ဤသည့် ဝါဆိုလတွင် ပဉ္စမသင်္ဂါယနာတင်ခဲ့သည်၊ ဤတေးထပ်တွင် ဖော်ပြထားသည်၊ ဝါဆိုလ၏ကြည်နူးဖွယ်ကောင်းပုံ၊ ကောင်းကင်ဘုံ၏အခြေအနေ၊ ငွေစန္ဒာလမင်းနှင့် ပြုဗ္ဗာသာဠ်နက္ခတ်တို့ ယှဉ်တွဲဟန်၊ ပွင့်ညှာတံဆင့်ဆင့် နှင့် ပုန်းညက်ပန်းတို့ပွင့်ပုံ၊ ရဟန်းလောင်းများ၊ ပဉ္စင်းခံပွဲ ကျင်းပပုံများကို ရှစ်ဆယ်ပေါ်တေးထပ်ကဗျာဖြင့် နဘောကဗျာအထူးစုံလှတဲ့ စလေဆရာ ဦးပုညက လက်စွမ်းပြထားသည်။

ဝါဆိုလပြည့်နေ့တွင် ပူအိုက်သော ရာသီဥတုကုန်ဆုံးပါသည်။ ဤဝါဆိုလတွင် ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းများကို ဗုဒ္ဓဘာသာဝင်များက ဆက်ကပ်လှူဒါန်းကြပါသည်။ ဝါဆိုလပြည့်နေ့၏ နောက်တစ်နေ့တွင် ရဟန်းသာမဏေများ ဝါဆိုဝါကပ်ပြုကြပါသည်။ ဤဝါဆိုလပြည့်နေ့တွင် တရားစကြာခေါ်သော ဓမ္မစက္ကပဝတ္တနသုတ်တရားတော်ကို ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ ဤဝါဆိုလပြည့်နေ့မှာပင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို စတင်ဟောကြားတော် မူပါသည်။

ဤဝါဆိုလပြည့်နေ့၌ ဘုရားအလောင်းတော် နောက်ဆုံးဘဝအဖြစ် ပဋိသန္ဓေယူသောနေ့၊ ဒုက္ကရစရိယာအကျင့်ကိုကျင့်ရန် တောထွက်တော်မူသောနေ့၊ ပထမဆုံးတရားစက်ကို စတင်လည်စေသောနေ့၊ ဓမ္မစကြာ တရားဟောပြီး ငါးရက်မြောက်သောနေ့၌ အနတ္တလက္ခဏသုတ်ကို ဟောတော်မူသောနေ့၊ ဘုရားရှင်သည် တပည့်ရဟန်းတို့အား ဂန္ထဓုရ ဝိပဿနာဓုရ ပွားများအားထုတ်စေရန် ဝါဆိုဝါကပ်ခြင်းကို ပညတ်တော် မူသောနေ့၊ ဘုရားရှင်သည် လောကကြီးကို ဟင်းလင်းအပြင်ပြုသော အံ့သြဖွယ်တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊ ထူးကဲမွန်မြတ်သည့် အဘိဓမ္မာကို စတင်ဟောကြားတော်မူသော အထူးလမြတ်နေ့ထူးနေ့မြတ် ဖြစ်သည်ဟု သမိုင်းမှတ်တမ်းများ ရှိထားပါသည်။

ညာပျိုလှ ဝါဆိုလချိန်ခါတွင်၊
ရောင်မျိုးစုံ ရနံ့လွှမ်း ပန်းကိုင်ယူငင်၊
သုံးလူ့ရှင် ဦးတင်လို့လှူဒါန်း။
သံသရာ ဟိုအလှည့်တွင်မှ
ဘေးမဲ့ကာ ကင်းစင်လို့
အလင်းဝင် နိဗ္ဗာန်မြို့ကိုကွယ် ရောက်ဖို့စိတ်မှန်း။

"ဝါဆိုသင်္ကန်း ပေးလှူဒါန်းက၊ ဂတိမြဲလှ၊ စူဠသောတာ၊ တူလှစွာကြောင့်၊ ပါယ်ရှာမငြိ၊ သုဂတိမြဲ၊ မှတ်ယူစွဲသည်၊ ထူးကဲဝါဆိုသင်္ကန်းလှူကျိုးတည်း"

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဝါးတောဥယျာဉ်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အချိန်တွင် ရဟန်းသံဃာတို့အား ဝါဆိုဝါကပ် ပညတ်တော်မူချက် မရှိသေးသဖြင့် ဆောင်း,နွေ,မိုး ဥတုသုံးပါးလုံး၌ ဒေသစာရီလှည့်လည်သွားလာလျက်ရှိကြပါသည်။ ထိုအခါ ဒါယကာ၊ ဒါယိကာမတို့က " ယခုလို မိုးတွင်းရာသီအချိန်အခါ၌ တိရစ္ဆာန်ကျေးငှက် စသောသတ္တဝါတို့ပင်လျှင် မိမိတို့အသိုက်အမြုံတွင်းမှ မထွက်ဘဲ နေထိုင်ကြပါလျက် ဘုရားရှင်၏ သားတော် ရဟန်းသံဃာတို့သည် နပျိုစည်ကား၍ စိမ်းစိုသော မြက်၊ သစ်ပင်အခင်း သီးနှံတို့ကို နင်းချေဖျက်ဆီး၍တစ်မျိုး၊ ပန်းပွင့်၊ ပန်းဖူးအညှောက် အခက်များကိုမှီခိုလျက် တည်ရှိကြသော နူးညံ့ သိမ်မွေ့သော ပိုးမွှားသတ္တဝါငယ်လေးများကို နင်းချေလျက် တစ်ဖုံ၊ ဥတုသုံးပါးမရှောင် ထီးတမ်းလမ်းလျှောက်သွားလာ နိုင်ကြကုန်တုံဘိ၏ "ဟု ပြောဆိုခဲ့ကြသည်။

ဤကဲ့သို့ ပြောဆိုကြသည်ကို သိရှိတော်မူသော မဟာကရုဏာသခင် ဘုရားရှင်က "ငါဘုရား သာသနာတော်ထမ်း ရဟန်းသံဃာမည်သည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ တခြားတစ်ပါးမသွားဘဲ ဝါဆိုဝါကပ်ပြုကြ၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာဖိတ်မန္တကပြုကြရမည်"ဟု ဝါဆိုဝါကပ်ခွင့်ပြု၍ ပညတ်ချက်ထုတ်ပြန်လိုက်ပါသည်။

ဤသို့ ဝါဆိုဝါကပ်ပြုကြသည်ကို အစွဲပြု၍ ရှေးပေါရာဏအခါက သုံးစွဲလာခဲ့သော မြွယ်တာ,နွယ်တာ,နွေတာဟူသော လသုံးစွဲမှုပျောက်ကွယ်၍ ဝါဆိုဟူသောဝေါဟာရဖြစ်ပေါ်လာရသည်။ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဖော်ပြပါဂုဏ်ထူးနှင့်ပြည့်စုံသော ဝါဆိုသောအချိန်အခါ ဝါဆိုလပြည့် အခါကြီးရက်ကြီးနေ့ထူးနေ့မြတ်တို့၌ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်များကို ရည်စူး၍ ဝါဆိုလပြည့်နေ့တွင် ဟောသော ဓမ္မစကြာပါဠိကို ရွတ်ပွားခြင်း၊ နာကြားခြင်း၊ ဘုရားရှင်အား ဝါဆိုပန်းမာလာများ၊ ဝါဆိုဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ခြင်း၊ သာသနာစောင့် ရဟန်းသံဃာများအား ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော် သင့်ကြပါသည်။

"အမျိုးသမီးတို့၏ သင်္ကန်းအလှူသည် အဖိုးကိုးကုဋေထိုက်တန်သော မဟာလတာ(မြင့်မြတ်သောနွယ်ပမာ တင့်တယ်လှပသော အဆင်တန်ဆာ) ကို ဝတ်ဆင်ရခြင်းဖြင့် အရဟတ္တဖိုလ်ဟူသော မြတ်သောပန်းတိုင်သို့ ရောက်နိုင်သည်"

"အမျိုးသားတို့၏ သင်္ကန်းအလှူသည်'ရဟန်း-လာလော့'ဟု ဘုရားရှင်က ခေါ်တော်မူလိုက်သည်နှင့်တစ်ပြိုင်နက် တန်ခိုးဖြင့်ပြီးသော အလိုလိုဖြစ်သော ပရိက္ခရာဖြင့် အဆင်သင့်လွယ်လျက် ဧဟိဘိက္ခုရဟန်း အဖြစ်ရရှိပြီး နိဗ္ဗာန်ပြည်ခွင်သို့ စံဝင်စေနိုင်၏"

ဤကား သာမည သင်္ကန်းအလှူ၏ အကျိုးများဖြစ်ပါသည်။

ဝါဆိုလမှာ- သိစရာ - ထုတ်ခါပြလိုက်မှတ်သင့်သည်
ဓမ္မမိတ်ဆွေ- များတစ်တွေ - မှတ်လေအကျိုးရတော့သည်
တစ်ဘဝကြုံရာ- သာသနာ- ပြုကာကုသိုလ်ယူသင့်သည်
သာသနာကျိုး- ဘာသာကျိုး- သယ်ပိုးဆောင်သင့်သည်
သာသနာကျိုး- လွန်သယ်ပိုး- ပြည့်ဖြိုးထွန်းကားလာတတ်သည်
မိမိအကျိုး- သူ့အကျိုး- သယ်ပိုးသည်းခံဆောင်ထိုက်သည်
မိမိကျန်းမာ- များကျန်းမာ- မေတ္တာပို့သင့်သည်
ခေတ်မီနိုင်ငံ- ဖြစ်လာရန် - အမှန်တောင်းဆုပြည့်တတ်သည်
နိုင်ငံဖွံ့ဖြိုး- များဖွံ့ဖြိုး- ပွားတိုးထွန်းကားလာတတ်သည်။ ။

ဘဏ်ချေးငွေထုတ်ချေး

မတ္တရာ ဇူလိုင် ၁

မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၇)အုပ်စုသို့ မေ ၁၉ ရက်မှ ဇွန် ၁၅ ရက်အထိ မိုးရာသီ ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာဦးငွေသန်းနှင့်ဝန်ထမ်းများသည်နေ့စဉ်မြို့နယ်ရုံးသို့လာရောက်၍ မိုးရာသီ ဘဏ်ချေးငွေချေးသူများအား စိုက်ပျိုးရေးရာသီတွင် သီးနှံထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေရန် ဘဏ်ချေးငွေများ ထုတ်ချေးပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ် သီးနှံအထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းရှင်းလင်း

ကျောက်တံခါး ဇူလိုင် ၁

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ဝင်းနှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးစောစိန်ဝင်းတို့က သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က စီမံကိန်းတာဝန်များကို ဌာနဆိုင်ရာအလိုက်၊ ကျေးရွာအုပ်စုအလိုက် စီမံကိန်းတာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်
၈-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) လောကသစ်လေးရှာစို့ကွယ်
(၂) ချစ်သူချင်းမို့သိနားလည်
(၃) ခိုင်မာလာနှင်းဆီ
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တွင်ခုံအမျိုးမျိုးထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ဘဝအဖော်မွန်(ခေါင်းကြီး)
(၂) ကြိုးတန်းပေါ်မှာ (ဆောင်းပါးသရုပ်ဖော်)
၁၂း၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာ ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်းအင်္ဂလိပ်စာ-၁)

ညနေပိုင်း

၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်ကြိုရှယ်တဲ့စံပယ်ကုံး
(၂) ကြင်နာရမယ့်သူ
(၃) ပဝါပါး
၁၆း၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (ရခိုင်ပြည်နယ်မှ မောင်အေးကျော်နှင့် မောင်ရဲလင်းကျော်တို့၏ ခေတ်ဟောင်း၊ ကာလပေါ်တေး)
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ဥပုသ်သည်
(၂) ဗုဒ္ဓသာသနာရောင်
(၃) သုဝဏ္ဏသာမ
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ညီညွတ်စေသည့် လမ်းလျှောက်နည်း) ဒေါက်ထွေး (ဆေး/မန်း)
၁၉း၁၅ မြန်မာမှု မြန်မာ့သဘင် (ဝဏ္ဏကျော်ထင်စိန်အောင်မင်း ဇာတ်အဖွဲ့မှ သုဒ္ဓေါဒနမင်းကြီး ဗုဒ္ဓဝင်အကျဉ်းချုပ်-ပထမပိုင်း)
၂၀း၃၀ မြန်မာမှု မြန်မာ့သဘင် (ဝဏ္ဏကျော်ထင်စိန်အောင်မင်း ဇာတ်အဖွဲ့မှ သုဒ္ဓေါဒနမင်းကြီး ဗုဒ္ဓဝင်အကျဉ်းချုပ်-ဒုတိယပိုင်း)

ခရမ်းမြို့၌ ဆယ်အိမ်စုမှူး ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်

ခရမ်း ဇူလိုင် ၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး အကောင်အထည်ဖော်နိုင်ရေး ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်ဖြုဟ္မာစိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမူက အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ဇော်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆယ်အိမ်မှူးများ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ တက်ရောက်ကြပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ မိခင်သေဆုံးနှုန်းကျဆင်းရေး၊ ကလေးငယ်များသေဆုံး နှုန်းကျဆင်းရေးအတွက် ဆေးရုံတွင်းရှိသားဖွားလူနာများနှင့် ကလေးလူနာများအား ကြည့်ရှုကာ ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

ပခုက္ကူ ဇွန် ၃၀

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဇွန် ၂၃ ရက်က ပခုက္ကူမြို့ ချည်မျှင်နှင့်အထည်စက်ရုံဝင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက် အားပေးပြီး ပါဝင်စိုက်ပျိုးပေးသည်။ **(ယာပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါအခမ်းအနားသို့ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ) စက်ရုံမှူး ဦးမြင့်သိန်းဦးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း ၁၈၀၀ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(၄၁၃)**

တိုင်းရင်းဆေးပင်များ စုပေါင်းစိုက်ပျိုး

ဟိုပင် ဇွန် ၂၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် အိမ်ရှင်မများသို့ တိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်း ၁/၂၀၀၆ မှ သင်တန်းသား သင်တန်းသူများ စုပေါင်း၍ တိုင်းရင်းဆေးပင်များ စိုက်ပျိုးပွဲကို ဇွန် ၁၁ရက် နံနက် ၁၀ နာရီက ဟိုပင်မြို့ တိုင်းရင်းဆေး မြေကွက်လပ်တွင် ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

သာစည်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

သာစည် ဇွန် ၂၅

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်သည် ဇွန် ၁၅ ရက် နံနက်က သာစည်–ကလောအဝေးပြေးလမ်းမကြီးရှိ လမ်းဘေးဝဲယာနှင့် အုတ်ဖိုကျေးရွာသွား လမ်းဘေးဝဲယာတို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် ၁၅၄၀ စိုက်ပျိုးနေမှုလုပ်ငန်းခွင်သို့ သွားရောက်၍ စိုက်ပျိုးစနစ်မှန်ကန်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသည်။

စနစ်တကျစိုက်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက သာစည်–ညောင်ရမ်းသွား လမ်းဘေးတွင် ခြံစည်းရိုး ကြက်ဆူပင် ၈၉၈၀၊ ညောင်ရမ်း–ပျော်ဘွယ်လမ်းတွင် အပင် ၉၉၀၀၊ ကွမ်းခြံရိုး–ညောင်တို–သမန်းကန် ကျေးရွာချင်းဆက်လမ်းဘေး ဝဲယာတွင် အပင် ၁၇၆၀၊ သာစည်–ကျီထိုင်ကုန်း–ကန်သစ်ကုန်း ကျေးရွာသွား လမ်းတွင် အပင် ၉၀၀၊ ဇီးတော–ကြက်မောက် ကျေးရွာသွား လမ်းတို့တွင် အပင် ၂၁၆၀၊ သပြေဝ–ဟံဇား–အလည်ကန်ကျေးရွာသွားလမ်းတွင် အပင် ၂၅၀၀၊ ညောင်ရမ်း–ရွှေထုတ်ကုန်းကျေးရွာသွားလမ်းတွင် အပင် ၁၁၈၈၀၊ ကျီထိုင်ကုန်း– ရွာပုလဲကြီး ကျေးရွာ သွားလမ်းတွင် အပင် ၉၃၀၀၊ သာစည်–မိတ္ထီလာ ကားလမ်းဘေး ဝဲယာတွင် အပင် ၂၀၅၀၊ နွားပွဲဈေး မြေကွက်လပ်နှင့် ရေပေးရေး ပတ်ဝန်းကျင်တွင် အပင် ၆၀၀၀ နှင့် လှိုင်းတက်ရိုးမ ပတ်လမ်းဘေး ဝဲယာတွင် ၆၃၁၅ ပင်တို့ကိုရှင်သန်အောင်မြင်ရေးအတွက် စနစ်တကျ စိုက်ပျိုးပြီးစီးကြပြီ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များရှင်သန်ရေး ဆွေးနွေး

ပွင့်ဖြူ ဇွန် ၂၇

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က လက်ခုပ်ကျေးရွာ လက်လက်တောက် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်စန်းမြင့်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စလင်းခင်မောင်ရည်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်တို့က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး ဟောပြောကြပြီး ကျေးရွာဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က သုတ ရသ စာအုပ်မျိုးစုံ အုပ်၁၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ညောင်ဦးတွင် တိုင်းရင်းပရဆေးပျိုးဥယျာဉ်ဖွင့်

ညောင်ဦး ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းပရဆေးပျိုးဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇနှင့် ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးတို့က တိုင်းရင်းပရဆေးပျိုးဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက တိုင်းရင်းပရဆေးပျိုးဥယျာဉ်ဆိုင်းဘုတ်ကို ကြိုးဆွဲ၍ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တိုင်းရင်းပရဆေးပျိုးဥယျာဉ် ဆိုင်းဘုတ်ကို ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်အေးအေးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အင်းမ ကျေးရွာရှိ မူကြို ကလေးငယ်များအား ဂျုံဖြင့် ပြုလုပ်သော ဖြည့်စွက် အာဟာရမုန့် ကျွေးခြင်းကိုဇွန် ၂၅ ရက်က ပန်းတနော်မြို့နယ် အင်းမမူကြိုကျောင်း၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်မေရီနှင့် အဖွဲ့ဝင်များက မူကြိုကလေးငယ် ၃၅ဦးတို့အား ဖြည့်စွက်မုန့်များကျွေးမွေးစဉ်။ (၃၂၇)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်းသွယ်–၁ အမှတ်(၈၀)ကနေ ဦးသိန်းရွှေ–ဒေါ်ခင်ခင်သာ သားသမီးမြေးတစ်စုတို့က ဦးသိန်းရွှေ၏ (၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးတမ်အောင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ကျေးလက်လမ်းဘေး ဝဲယာတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ စိုက် ပျိုး ကြ ရာ သို့ ဇွန် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အိပ်ချ်အိုင်ဗွီပိုးကာကွယ်ရေး ပညာပေး

ချောက် ဇွန် ၁၅

မိခင်မှ ကလေးငယ်များသို့ အိပ်ချ်အိုင်ဗွီပိုးရပ်(စ်)ပိုးကူးစက်မှုလျော့ချခြင်းနှင့် ကာကွယ်ခြင်းအသိပညာပေး ရှင်းလင်းပွဲကို မေ ၃၀ရက် နံနက် ၉နာရီက ချောက်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသီဟ၊ အတွင်းရေးမှူး ဦးအေးဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက် ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသီဟက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းက မိခင်မှ ကလေးငယ်များသို့ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်(စ်)ပိုးကူးစက်မှု လျော့ချခြင်း၊ ကာကွယ်ခြင်း၊ အသိပညာပေးဆောင်ရွက်မည့် လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်မြို့ အမှတ်(၆)နယ်မြေ တကောင်းဘုရားလမ်းရှိ ရှေးဟောင်း သမိုင်းဝင် ကုသိနာရုံ ဗျာဒိတ်ပေးဘုရားကြီး ဗိမာန်တော်တည်ဆောက်ရေး အတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ကျင်းပရာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ဌေးက အလှူငွေကျပ်တစ်သိန်း ဗိမာန်တော်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်သိန်း သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေဘိုစက်မှုဇုန်ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်း

ရွှေဘို ဇွန် ၁၀

မုံရွာစက်မှုဇုန်ခွဲ ရွှေဘိုစက်မှုဇုန်ဖြစ်မြောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဖွဲ့ဝင်(၁) အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက စက်မှုဇုန် ဖြစ်မြောက်ရေးလုပ်ငန်းကို ရှင်းလင်းသည်။

ထို့နောက် လုပ်ငန်းရှင်များက စက်မှုဇုန် ဖြစ်မြောက်ရေးအတွက် ထည့်ဝင်ရမည့် ငွေကြေးများ ရာနှုန်းပြည့်မီရေးအတွက် ဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ



နှစ်ဖက်သောမိဘများအားအမှူးထား၍ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၅၅ မြေညီထပ်နေ ဦးတင့်ဝေ-ဒေါ်နုနုဝေ မိသားစုက ဇရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေစေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကျင်းပ

ထန်းတပင် ဇူလိုင် ၂

ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဦးက ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေးဟောပြောပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စောရွှေနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရွှေမြသာတို့က ကိုယ်ဝန်ဆောင်မိခင်များကို ဆေးနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်း၌ မူလတန်းလွန်ကျောင်းတိုးမြှင့်ဖွင့်

ကျောင်းကုန်း ဇွန် ၃

အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်း တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် ဇနီးဒေါ်ဆွေဇင်ဝင်းက ဗလာစာအုပ် ၁၀ ဒါဇင် လှူဒါန်းရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးက လက်ခံပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းက ဗလာစာအုပ် ငါးဒါဇင်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသာရွှေက လက်ခံသည်။

အဆိုပြုလွှာ

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းက အမျိုးသမီးရေးရာ အဆိုပြုလွှာ ၂၀၀ နှင့် ရင်ထိုးတံဆိပ် ၅၀ ကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များအား ပေးအပ်ကြသည်။ **(၂၆၅)**

ကန့်ဘလူမြို့ မြို့မဈေးသစ်တည်ဆောက်ရေးလုပ်ငန်းကို ဇွန် ၂၅ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ကြူးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တိုက်ကြီး၊ဥက္ကံ၊အဖျောက်မြို့များ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇွန် ၁၀ရက်က ဥက္ကံမြို့ ဗိုလ်ချုပ်အောင်ဆန်းရပ်ကွက် အောင်ရတနာ (၁)လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဦးစီးအရာရှိ ဦးထွန်းခင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၀-၇-၂၀၀၆ (တနင်္လာနေ့)

- A Survey of Literary Theories (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- A Survey of Literary Theories (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၁-၇-၂၀၀၆ (အင်္ဂါနေ့)

- Psycholinguistics(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- English Language Teaching Methodology(1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၂-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- English Language Teaching Methodology (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- English Language Teaching Methodology (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၃-၇-၂၀၀၆ (ကြာသပတေးနေ့)

- Research Methodology (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- Psycholinguistics (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၁၄-၇-၂၀၀၆ (သောကြာနေ့)

- Research Methodology (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- Research Methodology (3)+(4)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၁၅-၇-၂၀၀၆ (စနေနေ့)

- အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၆-၇-၂၀၀၆ (တနင်္ဂနွေနေ့)

- အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လူကုန်ကူးမှုကာကွယ်ရန် စောင့်ကြည့်ရေးအဖွဲ့များချထား ဒေသအတွင်း မသက်ာဖွယ်ရာ ခရီးသွားလာမှုများကို ဖော်ထုတ်အရေးယူခဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နေ

ရန်ကုန် ဇူလိုင် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်း**(ယာပုံ)**က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း ဒေသသည် အိမ်နီးနားချင်း နိုင်ငံသုံးနိုင်ငံနှင့်ထိစပ်နေသည့် ထူးခြားသောဒေသတစ်ခုဖြစ်ကြောင်း၊ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နယ်နိမိတ် ၂၁၇မိုင်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် ထိစပ်နယ်နိမိတ် ၁၅၅ မိုင်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် **စာမျက်နှာ ၇ ကော်လံ ၁** ✡

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၆

သံလွင်မြစ်ရေသည် ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ စင်တီမီတာ ၆၃၀ သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၇၅၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

လူမျိုးစုငယ်များကို မျိုးသုဉ်းသတ်ဖြတ်ခြင်းများ ပြုလုပ်နေကြောင်း စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေး စီစဉ်နေကြသူများ မြန်မာတိုင်းရင်းသားများကို ကိုယ်စားပြုသူများမဟုတ် လုပ်ကြံဖန်တီးထားသည့်ဇာတ်လမ်းဖြစ်

ရန်ကုန် ဇူလိုင် ၆

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းမြင့်**(ဝဲပုံ)**က အမှာစကားပြောကြားရာတွင် မိမိတို့စစ်ကိုင်းတိုင်းသည် နယ်မြေဧရိယာကျယ်ဝန်းပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များမှာ ယခင်က ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရေရှား အညာဒေသများဖြစ်ကြောင်း၊ ယခုအခါမှာ ဆည်တာတမံ၊ မြစ်ရေတင်လုပ်ငန်းများ အစုအဖွဲ့အလိုက်တည်ဆောက်ပေးထားခြင်းကြောင့် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုများကောင်းမွန်ကာ စိုက်ပျိုးမှုအတွက်ကောင်းတာကြောင့် ဒေသတွင်း **စာမျက်နှာ ၁၂ ကော်လံ ၁** ■

တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များသာ ရှေးရှုလုပ်ဆောင် NLD ပါတီ နှင့် ပါတီခေါင်းဆောင်များအပေါ် အယုံအကြည်မရှိ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၆

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကြခတ်ကွင်းကျေးရွာမှ ဦးလှရွှေ၊ ဦးရွှေကြည်၊ ဦးတင်သိန်း၊ ဦးလူတော၊ ဦးရာပြတ်၊ ဦးသိန်းဆိုင်၊ ဦးသံဒုတ်နှင့် ဦးမင်းမင်းဇော်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း ဇွန် ၂၆ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ရှစ်ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့် လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကို ရှေးရှုလုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် အယုံအကြည်မရှိတော့၍ ၎င်းတို့၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

စစ်တောင်းနှင့် ရွှေကျင်မြစ် စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၆

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၃ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်၌ ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့ နံနက်မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၃၄ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်၌ ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး